မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၃၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၁၈၉) ၊ ၁၃၈၆ ခုနှစ် ၊ နယုန်လဆန်း ၅ ရက် ၊ ၁၁-၆-၂၀၂၄ ၊ အင်္ဂါနေ့ ။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမุဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဣလေးပါးတည်း။) (ဓမ္မပဒ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်တွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ဆိုင်ရာပညာသည်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်း

ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ဆေးပညာရပ်များကို မျက်ခြည်မပြတ်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရမည်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ ဆရာမကြီးများ၊ သင်္ခေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား သင်တန်းသူများအား တက္ကသိုလ်အလိုက် ဘွဲ့နှင်းသဘင်ခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးခွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ခေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၀

နေဝက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုရေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်ပါသည်။

မိုး/၈လ

ယနေ့ ဖတ်စရာအညွှန်း

ရေခဲမုန့်၊ ပေါင်မုန့် စသည်တို့အတွင်းရှိ ဓာတ်ပစ္စည်းနှင့် ဆီးချိုအမျိုးအစား ၂ ရောဂါတို့အကြား သက်နွယ်မှုရှိ

စာမျက်နှာ ၇

ဂျာအိုပယ်လင်ဟာအား ဗေါ်ယူရန် ဘိုင်ယန်ပြုပြုနှစ်အသင်း သဘောတူညီမှုရရှိ

စာမျက်နှာ ၁၁

၂၀၂၄ ခုနှစ်၊ ဇွန် ၁၁ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

မိုးဝသန်အစ စိမ်းစိုအေးမြ နယုန်လ

ဥတုရာသီ စက်ဝန်းသည် ဖန်ခါခါ သဲသရာလည်လျက်ရှိသည်။ "နယုန်မိုးသေး မြက်သားမွေး" ဆိုသည့်အတိုင်း မိုးသေးမိုးဖွဲများ မစဲဘဲ ရွာနေမြဲဖြစ်သည်။ နယုန်လသည် မြန်မာဆယ်နှစ်လတွင် တတိယမြောက်လလည်း ဖြစ်သည်။ နယုန်လကို ပုဂံခေတ်ကျောက်စာတွင် "နယုန"ဟု ရေးသားကြသည်ကို တွေ့ရသည်။ "နယုန်"တွင် "နဲ"၏ အဓိပ္ပာယ်မှာ "အချိန်ခါ ကာလ" ဖြစ်သည်။ "ယုန်"၏ အဓိပ္ပာယ်မှာ စီးကျခြင်း၊ ရွာကျ ခြင်း၊ ယိုကျခြင်း ဖြစ်သည်။

နယုန်လတွင် စံပယ်ဖွေးဖွေး သင်းပျံ့မွှေး၏။ မိုးကောင်းကင်ဘုံ တိမ်ရောင်စုံ၏။ မုတ်သုံလေစ မိုးဦးကျ၏။ မြက်နုပင်ပျိုစိမ်းစိမ်းစိုစို၏။ နယုန်လသည် မိုးဦးကျစကာလဖြစ်ပြီး ကောင်းကင်တစ်ခွင်တွင် တိမ်ညို၊ တိမ်ပြာ အစရှိသည့် တိမ်မျိုးစုံတို့ ဖုံးလွှမ်းလျက်ရှိသည်။ ပုလဲဖြူလွှ မိုးစက်များကျလာကာ သစ်ပင်များ တွင် ရွက်စိမ်းတက်ရံခြံနေသည်။ ပန်းမန်များ ဝါ၊ ပြာ၊ ဖြူ၊ နီ ဖူးပွင့်စည်လျက် နယုန်လ၏ သဘာဝဝန်းကျင်မှာ လန်းဆန်း အေးမြနေသည်။ နယုန်မိုးသေး ရွာသွန်းပေးလိုက်သဖြင့် စံပယ် ဖြူဖြူဖွေးတို့သည် ကြူကြူမွှေးကာ ပွင့်လန်းလာကြသည်။

နယုန်လတွင် "ရွှေစာတော် ပြန်မေးလို့" ဟုဆိုသည့် အတိုင်း ရှေးအခါက စာတော်ပြန်ပွဲကို ကျင်းပကြသည်။ "ဆန်းကြယ်အရောင်၊ တောက်ပြောင်ဝင်းဝါ၊ သုဓမ္မာဝယ်၊ သံယာတော်များ။ ဟောကြားမိန့်ပြွန်၊ မေးဖြေလျက်တည်"ဟု စာဆိုဦးယာက စာတော်ပြန်ပွဲကို စာပန်းချီခြယ်ခဲ့သည်။ စာတော်ပြန်ပွဲဆိုသည်မှာ တိုင်းပြည်အတွက် အားထားရမည့် ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် စာမေးပွဲစစ်မေးခြင်းလည်းဖြစ်သည်။ စာတော်ပြန်ပွဲကို ညောင်ရမ်းခေတ် သာလွန်မင်းတရားကြီးလက်ထက်တွင် စတင်ကျင်းပခဲ့သည်။

နယုန်လတွင် ဘုရားရှင်လက်ထက်တော်အခါကပင် လယ်ယာလုပ်ငန်းခွင်၌ စတင်ထွန်ယက်ခြင်းပြုခဲ့သည်။ ဘုရားလောင်းသိद္ဓတ္တမင်းသားကို မွေးဖွားပြီး တစ်လမြောက်သောအခါ ခမည်းတော် မင်းတရားကြီး၏ လယ်ထွန်မင်္ဂလာပြုတော်မူကြောင်း ဇိနတ္ထပကာသနီကျမ်း၌ ဖော်ပြထားသည်။ မင်းတုန်းမင်းလက်ထက်၌လည်း လယ်ထွန်မင်္ဂလာပွဲ ဆင်နွှဲခဲ့ပုံကို "ဆဒ္ဒန်ရှင် ရွှေထွန်နှင်တယ်၊ ကျွန်းခွင်ကအေး"ဟု ဦးစီက ဗုံကြီးသံ ဖွဲ့ဆိုခဲ့ပြန်သည်။ နယုန်လသည် မြန်မာ့လယ်ယာလုပ်ငန်းခွင် နီးထစပ်ကာလဖြစ်သည်။ နယုန်လသည် တိုင်းပြည်ဝမ်းစာအတွက် အားရစရာပင်ဖြစ်သည်။

နယုန်လသည် စာသင်ခန်းတံခါးများကို ပွင့်စေသည်။ ခေါင်းလောင်းသံ ချိမ့်ပြစေသည်။ နွေရာသီပိတ်ထားသည့် ကျောင်းများ မိုးနှင့်အတူ ဖွင့်လေပြီ။ မိုးသံလေသံကြားမှာ စာအံသံချိုချိုများ လွင့်ပျံ့လာသည်။ မင်္ဂလာရှိလှသည်။ အဖြူအစိမ်းဝတ်ကျောင်းသား၊ ကျောင်းသူများ၏ အသွင်သဏ္ဌာန်မှာ သစ်ပင်ပန်းမန်များ ကဲ့သို့ လန်းဆန်းနေသည်။

ထိုအပြင် မြစ်ချောင်းတို့တွင်လည်း "တန်ခူးရေကုန် ကဆုန်ရေခန်း"ဆိုသကဲ့သို့ ရေတို့ ခန်းခြောက်နေသည်။ နယုန်လ၌ လည်း မြစ်ရေတို့ ပေါင်းလန်အောင် ပြည့်လျှံခြင်း မရှိသေးပေ။ မြစ်ရေအလျဉ်သည် တသွင်သွင်ဖြင့် ညင်သာစွာ စီးဆင်းနေမြဲဖြစ်သည်။ မိုးကြိုကာလ မြစ်ရေပြင်ကား ကျယ်ပြန့်ခြင်း မရှိသေးပေ။ ကမ်းနှစ်ဖက် တောင်ပြင်တို့ပေါ်၌ စိုက်ခင်းစိမ်းစိမ်းတို့ကို တွေ့မြင်နေသည်။ မြစ်အတွင်းတွင် လေ၊ သမ္မန်နှင့် သင်္ဘောတို့ စုန်ဆန်ကာ လော်ခတ်ခုတ်မောင်းလျက်ရှိသည်။ တံငါသည်တို့ ငါးရှာနေကြသည်။ မိုးဝသန်အစ နယုန်လ၏ ပတ်ဝန်းကျင်သည် အဟောင်းထဲမှ အသစ်ကို မြင်နေရသော ကာလဖြစ်သည်။

သို့ဖြစ်ရာ မိုးဝသန်အစ စိမ်းစိုအေးမြ နယုန်လကား မြန်မာတို့၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန် လုပ်အားအစ၊ နိုင်ငံအလုကို ဖော်ကျူးနေသော လုပ်ငန်းခွင်မာန်ဟုန် လနယုန်ဟု တင်စားရေးသားလိုက်ရပေသည်။

သမဝါယမကောလိပ်(မန္တလေး)သို့ စာအုပ်များ လှူဒါန်း

မန္တလေး ဇွန် ၁၀

သမဝါယမကောလိပ်(မန္တလေး)သို့ ဒုတိယအကြိမ် စာအုပ်လှူဒါန်းပွဲကို ဇွန် ၉ ရက်နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)၏ နေအိမ်တွင် ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမ ကောလိပ်(မန္တလေး) ဒုတိယကျောင်းအုပ်ကြီး ဦးတင်မြင့်၊ ပုသိမ်ကြီးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)၊ ပုသိမ်ကြီးမြို့နယ်မှ စာရေးဆရာ နိုင်ဗလနှင့် ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စာရေးဆရာ နိုင်ဗလက အောင်မြေသာစံမြို့နယ်စာရေးဆရာအသင်းမှ တင်းတ(ဥပသင်္ဘော)က အောင်မြေသာစံမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးရွှေမော်မှတစ်ဆင့် စာအုပ်များ လှူဒါန်းပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စာရေးဆရာ နိုင်ဗလနှင့် မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)တို့က သမဝါယမကောလိပ်(မန္တလေး) ဒုတိယကျောင်းအုပ်ကြီး ထံသို့ စီးပွားရေးဆိုင်ရာ စာအုပ်များ လှူဒါန်းကြရာ ဒုတိယကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၄၁)**

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynews paper@ gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်း

မန္တလေး ဇွန် ၁၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဒေါနဘွားရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၁၂လမ်း တောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၆၄လမ်းနှင့် ၆၆လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ကျုံးရေသွင်းမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ကုန်းတန်းရွာထိပ် ၁၀B လမ်းနှင့် မြို့ပတ်လမ်းကြား မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ၁၇လမ်းနှင့်၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတရောင်းမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ၁၇လမ်းနှင့် ၁စလမ်းကြား မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ပါတ်ကုန်းဝန်းကျင်ရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၇လမ်း တောင်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၇၁လမ်းနှင့် ၇၂လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၃၅လမ်း မြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၅ဝလမ်းနှင့် ၅၁လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၃၅ လမ်း မြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၆၄လမ်းနှင့် ၆၅လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် လမ်း၈၀ အနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ၁၂လမ်း တောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၆လမ်းနှင့် ၃၇လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ၇၃လမ်း မြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၅ဝလမ်းနှင့် ၅၁လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ချမ်းမြရွှေပြည်ယာယီကားဝင်းအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

အမရပူရမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် တိုးချဲ့(၃) ရွှေစည်းခုံဘုရားလမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲဗုံ)**

(မန္တလေးနေ့စဉ်-၃)

o-o-o-o-o

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေဖွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅၅မီးနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ.စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ဖြူးရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄ဝ၆၉၉၆၂၂၊
၂၉လမ်း၊ဂ၃လမ်းနှင့်ဂ၄လမ်းကြား၊

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တွင် အမှာစကားပြောကြားစဉ်။

☆ ရေ့ဖုံးမှ

ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးနိုင်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **"တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိများ မွေးထုတ်ပေးရန်"**ဟူသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ဗိုလ်လောင်းများက ဆေးဘက်ပညာဆိုင်ရာ အရာရှိငယ်များကို မွေးထုတ်ပေးခြင်းရှိသကဲ့သို့ ၎င်းအရာရှိများမှ တစ်ဆင့် တပ်မတော်ဆေးဘက်ဆိုင်ရာ အရာရှိကြီးများကို အဆင့်ဆင့်မွေးထုတ်ပေးလျက်ရှိကြောင်း။ အခြေခံအားဖြင့် သင်တန်း သားဗိုလ်လောင်းဘဝကတည်းက လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဗိုလ်လောင်းများ ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးရန် လိုကြောင်း။ ဗိုလ်လောင်းများအနေဖြင့် ရှိသင့်ရှိထိုက်သည့် ကိုယ်ခန္ဓာအချိုးအစား၊ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ကြံ့ခိုင်သန်စွမ်းမှုများ ရှိရမည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းများ အနေဖြင့် နေ့စဉ်လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ စာပေပညာရပ်ဆိုင်ရာများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရသည်ဖြစ်သဖြင့် အာဟာရပြည့်ပြည့်ဝဝ စားသုံးမှသာ ကိုယ်ခံစွမ်းအားကောင်းမွန်စွာဖြင့် လိုက်ပါလုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအတွက် စနစ်တကျတွက်ချက်ပြီး ကျွေးမွေးလျက်ရှိသည့် ရိက္ခာများကိုပြည့်ဝစွာစားသောက်ကြရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံတော်နှင့် တပ်မတော်အတွက် လိုအပ်ချက်ရှိသည့်အတွက် တပ်မတော်ဆေးတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆေးဘက်ဆိုင်ရာ ပညာရပ်များသာမက စစ်ပညာကိုလည်း သင်ကြားပေးလျက်ရှိသဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှုမှစ၍ စစ်အတတ်ပညာကိုလည်း ကျွမ်းကျင်တတ်မြောက်စေရေး သင်ကြားပေးသည်မှန်သမျှကို စနစ်တကျလေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီး နောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။ ထို့ပြင် စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သဖြင့် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာတတ်သည့် လူနေမှုပုံစံဖြစ်ရန်လိုကြောင်း၊ ဆရာဝန်များအနေဖြင့် ကုသမှုများကို ဆောင်ရွက်ကြရပြီး သူနာပြုများ အနေဖြင့် ပြုစုကုသမှုများကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ လူတိုင်းသည် ကြင်နာမှုကို လိုလားကြပြီး ကျန်းမာရေးမကောင်းသူများအနေဖြင့် ၎င်းတို့အား ကြင်နာစွာဖြင့် ဆေးဝါးကုသမှုဆောင်ရွက်ပေးသည်ကို ပိုမိုလိုလားကြကြောင်း၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအနေဖြင့် တစ်ဖက်သားအပေါ်တွင် ကြင်နာနွေးထွေးသည့် အသိစိတ်ရှိပြီးဖြစ်ကြောင်း၊ ထိုစိတ်အခြေခံအပေါ် အတတ်ပညာများဖြင့် ပေါင်းစပ်လိုက်သည့်အခါ၌ ကြင်နာမှုသည် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူနာပြုတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် လူနာများ အပေါ် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်၍ ကြင်နာစွာဖြင့် ပြုစုစောင့်ရှောက်သွားကြစေလိုကြောင်း၊ အခြေခံအားဖြင့် ရှိပြီးသားဖြစ်သည့် ကြင်နာတတ်သည့် အသိစိတ်နှင့် သင်ကြားပေးလိုက်သည့် ဆေးအတတ်ပညာများကို ပေါင်းစပ်အသုံးချ ဆောင်ရွက်သွားမည်ဆိုပါက သူနာပြုကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

သင်ကြားရေးပိုင်းနှင့် ပတ်သက်၍ အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည်

သင်ကြားရေးပိုင်းနှင့် ပတ်သက်၍ နည်းပြနှင့် သင်တန်းသားအချို့ကို စနစ်တကျ တွက်ချက်၍ ဖွင့်လှစ်သင်ကြားပေးထားခြင်းဖြစ်သဖြင့် စာပေပညာနှင့် စစ်ပညာ သင်ကြားမှုများကို ဖိဖိစီးစီး ဆောင်ရွက်ကြရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသူ နည်းပြများအနေဖြင့် သင်တန်းသားများအား လေ့ကျင့်ပေးရာတွင် အရေးအတွက်ထက် အရည်အချင်းပြည့်ဝသည့် သင်တန်းသားများဖြစ်လာစေရေးနှင့် စစ်သားကောင်းဖြစ်အောင် လေ့ကျင့်ပေးရန်လိုကြောင်း။ Guardian စနစ်ဖြင့် အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရာတွင် သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စာပေပညာဆိုင်ရာ များကောင်းမွန်စေရေး အနီးကပ် တစ်ဦးချင်း ကြပ်မတ်ကွပ်ကဲလေ့ကျင့်သင်ကြား ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ၎င်းတို့၏ အခက်အခဲများအပေါ် မိဘသဖွယ်၊ ညီရင်းအစ်ကိုသဖွယ် စာမျက်နှာ ၄ သို့ »»

- **လူတိုင်းသည် ကြင်နာမှုကို လိုလားကြပြီး ကျန်းမာရေးမကောင်းသူများအနေဖြင့် ၎င်းတို့အား ကြင်နာစွာဖြင့် ဆေးဝါးကုသမှု ဆောင်ရွက်ပေးသည်ကို ပိုမိုလိုလားက**
- **တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအနေဖြင့် တစ်ဖက်သားအပေါ်တွင် ကြင်နာနွေးထွေးသည့်အသိစိတ်ရှိပြီးဖြစ်၊ ထိုစိတ်အခြေခံအပေါ် အတတ်ပညာများဖြင့် ပေါင်းစပ်လိုက်သည့်အခါ၌ ကြင်နာမှုသည် ပိုမိုခိုင်မာအားကောင်းလာမည်**
- **သူနာပြုတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ချိန်တွင် လူနာများအပေါ် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်၍ ကြင်နာစွာဖြင့် ပြုစုစောင့်ရှောက်သွားကြစေလို၊ အခြေခံအားဖြင့် ရှိပြီးသားဖြစ်သည့် ကြင်နာတတ်သည့်အသိစိတ်နှင့် သင်ကြားပေးလိုက်သည့် ဆေးအတတ်ပညာများကို ပေါင်းစပ်အသုံးချ ဆောင်ရွက်သွားမည်ဆိုပါက သူနာပြုကောင်းများဖြစ်လာမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

»» စာမျက်နှာ ၃ မှ

သဘောထား၍ တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း။ အရည်အချင်းပြည့်ဝသည့် နည်းပြများ၊ ဆရာဆရာမများကို ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်သဖြင့် မိမိတို့ ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ တတ်ကျွမ်းထားသည့် ဘာသာရပ်များအလိုက် စာပေပညာရပ်များကို အသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုပြီး ဆေးဘက်ပညာဆိုင်ရာ အရာရှိကောင်းများကို မွေးထုတ်ပေးရန်လိုကြောင်း၊ ရှုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြွေခိုင်ကောင်းမွန်ပြီး အရည်အသွေးရှိသည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ မွေးထုတ်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။ တပ်မတော်ဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် ဆေးဘက်ဆိုင်ရာ အရာရှိများ အနေဖြင့် အခြေခံအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်သူများဖြစ်ပြီး မိမိတို့ သင်ယူတတ်မြောက်ထားသည့်ဆေးပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော် ဆေးတက္ကသိုလ်အနေဖြင့် ကမ္ဘာ့နိုင်ငံများရှိ ဆေးတက္ကသိုလ်များ အနက်အဆင့်တစ်ခုတွင်ရှိလည့်တက္ကသိုလ် ဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန်လိုကြောင်း။

မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်၍ ဘဝတိုးတက်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်

အခြေခံပညာအထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့်အခြေခံကောင်းများကိုယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်း၍ ကြိုးစားသင်ယူနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း မွေးမြူကြရန်လိုကြောင်း၊ ဘဝတိုးတက်လမ်းကို အထောက်အကူမဖြစ်စေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကို အသိသတိဖြင့် ရှောင်ကြဉ်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ ဖြစ်လာစေရေး စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်သွားကြရန်လိုကြောင်း။ **ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့် ဆေးပညာရပ်များ များစွာရှိနေသည့်အတွက် နည်းပြအရာရှိများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် သင်တန်းသား ဗိုလ်လောင်းများ။ ဆေးဘက်ဆိုင်ရာ သင်တန်းသား သင်တန်းသူများ အနေဖြင့် ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ဆေးပညာရပ်များကို မျက်ခြည်မပြတ်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများနှင့် အတူနေ့လယ်စာကိုအတူတကွသုံးဆောင်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့သို့ ရောက်ရှိနေစဉ်အတွင်း တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့က ကျောင်းဌာနချုပ်ခန်းမအသီးသီး၌ လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်တို့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကျောင်းအုပ်ကြီးများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများတွင် အဓိကတာဝန်ရှိကြောင်း။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက စည်းကမ်းစနစ်တကျရှိစေရေး၊ စာပေဆိုင်ရာ တာဝန်ရှိသူက ထူးချွန်ထက်မြက်သည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများ ပေါ်ထွက်လာရေး၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများက ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြွေခိုင်သန်စွမ်းသည့် အရာရှိကောင်းများ ဖြစ်ပေါ်လာရေး စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်ပေးကြရန်လိုကြောင်း။ အလားတူ မဟာဘွဲ့လွန်သင်တန်း တက်ရောက်သူ အရာရှိများအနေဖြင့် အခြားနိုင်ငံများနှင့် ပညာရပ်ပိုင်းဆိုင်ရာများတွင် ရင်ပေါင်တန်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဘွဲ့လွန်သင်တန်းသားများ ပညာရည်ပြည့်ဝစေရေး၊ ကြိုးစားအားထုတ်မှု ကောင်းမွန်စေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ပြည့်ဝစေရေး အတွက်လည်း ဖြည့်ဆည်းပေးရန်လိုကြောင်း မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာ ရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသ ပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆေးရုံတပ်မှူးက အစည်းအဝေးခန်းမတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ရှင်းလင်းတင်ပြစဉ်။

ချည်မျှင်နှင့် အထည်စက်ရုံများသည် နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များ ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာ အဝတ်အထည်များ အသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစားသုံးသပ်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) စက်ရုံအစည်းအဝေးခန်းမ၌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်မတော်ဝါစိုက်ပျိုးရေး တပ်များက ဝါစိုက်ပျိုးရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်မတော်ဝါစိုက်ပျိုးရေး တပ်များသို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စိုက်ပျိုးရာသီအလိုက် လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်စိုက်ပျိုးသွားရန် လျာထား ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ စက်ရုံမှူး ဦးခိုင်ရွှေက တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ထမ်းများ ခန့်အပ်ထားရှိမှုနှင့် ဝန်ထမ်းများ၏ သက်သာ ချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဝါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရေး အတွက် မြေအရည်အသွေးစစ်ဆေးခြင်း သုတေသနလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပြီး မြေဆီလွှာ အမျိုးအစားအလိုက် စနစ်တကျ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့် သွင်းအားစုများ အပြည့်အဝ ထည့်သွင်းရန်နှင့် စိုက်ပျိုးရေရှိအောင် ဆောင်ရွက်ပေးရန်လည်း လိုကြောင်း၊ စိုက်ပျိုးသည့် မြေအမျိုးအစားအလိုက် ထွက်ရှိသင့်သည့်အထွက်နှုန်းများကို လေ့လာဆန်းစစ်ရန်နှင့် အထွက်နှုန်း ပြည့်မီစေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ဝါစိုက်ပျိုးမှုနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုပြီး A Grade အမျိုးအစား ဝါများ ထွက်ရှိအောင် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊

စာမျက်နှာ ၆ သို့ ○

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။

- ✤ ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုပြီး A Grade အမျိုးအစား ဝါများထွက်ရှိအောင် ကြိုးစားဆောင်ရွက်
- ✤ ဝါအမျိုးအစား အများအပြားစိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ အရည်အသွေးကောင်းမွန်သည့် ဝါများထွက်ရှိလာအောင် ဆောင်ရွက်
- ✤ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)အနေဖြင့် တပ်မတော်မှ လိုအပ်သည့် အဝတ်အထည်နှင့် ချည်အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ခြင်းဖြစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စက်ရုံထုတ် အထည်အလိပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

❍ စာမျက်နှာ ၅ မှ

ဝါအမျိုးအစား အများအပြား စိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ အရည်အသွေး ကောင်းမွန်သည့် ဝါများထွက်ရှိလာအောင် ဆောင်ရွက်ရန်လိုကြောင်း။ ပိတ်စအထည်အလိပ်များ ကောင်းမွန်ရန်အတွက် အခြေခံဖြစ်သည့် ဝါသည် ကောင်းမွန်ရမည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုမှ အရည်အသွေးမြင့်ဝါများ ထွက်ရှိလာရန်လည်း လိုအပ်ကြောင်း။ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)အနေဖြင့် တပ်မတော်မှလိုအပ်သည့် အဝတ်အထည်နှင့် ချည် အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း။ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှ ချည်မျှင်နှင့် အထည်အလိပ်များကို တင်သွင်းရလျက်ရှိပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန် အတွက် ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း။ နေ့စဉ် ဝတ်စားဆင်ယင်မှုတွင် အသုံးများသည့် တီရုပ်၊ စွပ်ကျယ်ကဲ့သို့သော အခြေခံအဝတ်အထည် ပစ္စည်းများနှင့် အသုံးအဆောင် ပစ္စည်းများအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်၍ စျေးနှုန်းသက်သာစွာဖြင့် ရောင်းချ ပေးနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း။

အရည်အသွေးပြည့်မီစွာ ထုတ်လုပ်

အဝတ်အထည်များအား အရောင်အသွေးစုံလင်စွာဖြင့် စျေးကွက်အတွင်း လူကြိုက်များသည့် ပုံစံအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချသွားရန် လိုကြောင်း။ အခြားစျေးကွက် လိုအပ်ချက်ရှိသည့် ဟိုတယ်သုံးပစ္စည်းများနှင့် ပုဂ္ဂလိကသုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ စျေးကွက်ရရှိရေး စဉ်းစားဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ လုပ်ငန်းအောင်မြင် တိုးတက်စေရေးအတွက် သုတေသနပြု လုပ်ငန်းများအား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ချည်မျှင်နှင့်အထည် စက်ရုံများသည် နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံလိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ စျေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး စနစ်တကျ စဉ်းစားသုံးသပ် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသည့် စက်ရုံထုတ် အထည်အလိပ် ပစ္စည်းများကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ချည်မျှင်နှင့် အထည်များ အဆင့်ဆင့် ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိ

အဆိုပါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)မှ ချည်မျှင်ညည်း၊ တက်ထရက်ပိတ်ညည်း၊ စွပ်ကျယ်ပိတ်ညည်း၊ ပဝါပိတ်ညည်း၊ သက်နံ့းများ၊ တက်ထရက်ပိတ်ရောင်စုံ၊ စွပ်ကျယ်ပိတ်ရောင်စုံ၊ ပဝါရောင်စုံ၊ တီရှပ်များစုံ၊ စပို့ရှပ်များစုံ၊ နိုင်လွန်တာဖက်တာများ၊ ဆေးဂွမ်းလိပ်များ၊ အိပ်ရာခင်း ရောင်စုံတို့ အပြင် အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ တပ်မတော်၏ လိုအပ်ချက်နှင့် ပြည်တွင်းစျေးကွက် လိုအပ်ချက်အား စျေးနှုန်းသက်သာစွာဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီးနှင့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် မစ္စတာ မူတာဓံ အဗ္ဗဒုလ္လာ အဗ္ဗဒုလ်ဂျာလဲလ် မိုဟာမက် အယ်လ်ဖာဟင်းမ်အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် မစ္စစ် ပွန်နမ်ပီရူးမား အာရာချိုချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူးမားအား နံနက် ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ပြည်ထောင်စုဝန်ကြီးသည် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် သံအမတ်ကြီးအား ပထမဦးဆုံး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ယူအေအီး နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ယူအေအီး နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အလားတူ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူးမား အာရာချိုချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူးမားတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇွန် ၁၀

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့၌ ရုံးဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသော ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ပြည်နယ်ပညာရေးမှူးရုံး၊ လွိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ရုံးအဆောက်အအုံများ ဥပမိရုပ်ခံ့ထည်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများနှင့် ဝန်ထမ်းအိမ်ရာများ၌ ဝန်ထမ်းများစားသောက်နေထိုင်ရေး စီမံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပံ့ပိုးဖြည့်ဆည်း

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏ အခက်အခဲများ၊လိုအပ်ချက်များ မေးမြန်းခဲ့ပြီး ရေ မီး လိုအပ်ချက်၊ ရုံးသုံးစက်ကိရိယာ လိုအပ်ချက်များ၊ အုပ်ချုပ်ထောက်ပံ့မှု ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဌာနများအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရေခဲမုန့်၊ ပေါင်မုန့်စသည်တို့အတွင်းရှိ ဓာတ်ပစ္စည်းနှင့် ဆီးချိုအမျိုးအစား ၂ ရောဂါတို့ အကြားဆက်နွယ်မှုရှိ

ပြင်သစ်နိုင်ငံ အာဟာရကွန်ရက်အဖွဲ့အစည်းမှ သုတေသီတစ်စုသည် အစားအစာများတွင်ပါဝင်လေ့ရှိသော ဖျစ်ခဲစေသည့်ဓာတ်ပစ္စည်းနှင့် ပတ်သက်၍မကြာသေးမီက သုတေသနပြုစုးစမ်းလေ့လာခဲ့ကြသည်။

ယင်းကဲ့သို့ လေ့လာရာမှ ရေခဲမုန့်၊ပေါင်မုန့်၊ ကိတ်မုန့်နှင့် ချောကလက်စသည်တို့အတွင်းရှိ ထိုဓာတ်ပစ္စည်းနှင့် ဆီးချိုအမျိုးအစား ၂ရောဂါတို့အကြားဆက်နွယ်မှုရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်ဟု ဦးဆောင်သုတေသီများဖြစ်သည့် မာသီဒဲတူဗီယာနှင့် ဘားနတ်စရူယာတို့ နှစ်ဦးက ရှင်းလင်းပြောကြားသည်။

ဖျစ်ခဲစေသည့်အပြင် စားသုံးသူများကို စွဲမက်စေနိုင်သော ယင်းဓာတ်ပစ္စည်းနှင့် ဆီးချိုအမျိုးအစား ၂အကြားဆက်နွယ်နေပုံ အကြောင်းဖော်ထုတ်သိရှိရန် ပြင်သစ်သုတေသီများသည် အရွယ်ရောက်ပြီး အမျိုးသား၊ အမျိုးသမီး ၁၀၄၁၃၉ ဦးတို့၏ ၂၀၀၉ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အကြား ကောက်ခံရရှိခဲ့သော အချက်အလက်များ အပေါ်အခြေခံပြီးလေ့လာခဲ့ခြင်းဖြစ်ကြောင်း ၄င်းတို့နှစ်ဦးက ဆက်လက်ရှင်းပြသည်။ **(SCI)**

နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

Sebastian Stan အဓိကပါဝင်မည့် Donald Trump ရုပ်ရှင် The Apprentice ပြသရန် အခွင့်မရ

အမေရိကန်သမ္မတဟောင်း ဒေါနယ်ထရန့်အကြောင်း ရိုက်ကူးထားသည့် ရုပ်ရှင်တွင် မင်းသားစီဘာစတင်စတန် အဓိကပါဝင်ထားပြီး ပြသရန်အခွင့်အရေးမရသေးဟု ဟောလိဝုဒ်ဂက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ် ကိန်းရုပ်ရှင်ပွဲတော်တွင် အကြိုမိတ်ဆက်ပြသခဲ့ပြီး ရလဒ်ကောင်းရရှိခဲ့သော အဆိုပါရုပ်ရှင်မှာ အမေရိကန်သမ္မတ ၄၅ ဆက်မြောက် ဒေါနယ်ထရန့်အကြောင်းဖြစ်သည်။

ယင်းရုပ်ရှင်တွင် ဒေါနယ်ထရန့်၏ ဘဝဖြစ်စဉ်ကို ပြသထားပြီး အမှောင်ဘက်ခြမ်းအကြောင်းအရာများလည်း ပါဝင်နေ၍ ထုတ်လုပ်သူများက အရှုံးပေါ်မည်ကို စိတ်ပူနေကြကာ လက်ရှိရွေးကောက်ပွဲနှင့်ပတ်သက်နေ၍လည်း လက်ရှောင်နေကြသည်။

အီရန်ဒါရိုက်တာ အလီအာဘက်စီ၊ ဇာတ်ညွှန်း ဂါဘီလယ်ရှာမန်းတို့က ဖန်တီးထားကြပြီး စီဘာစတင်စန်၊ စပ်စီရှင်း၊ ဂျယ်မီစတွန်းတို့ အဓိကပါဝင်ထားကြသည်။ **(SKY)**

Sara Ali Khan နှင့် Ibrahim Ali Khan တို့ Anant Ambani ၏ မင်္ဂလာပွဲအတွက် ခရီးထွက်ခဲ့

ဘောလိဝုဒ်အနုပညာရှင်များ အာနတ်အမ်ဘာနီနှင့် ရာဒီကာ မာချာနတ်တို့၏ ဒုတိယအကြိုမင်္ဂလာပွဲအတွက် အီတလီသို့ ခရီးထွက်ခဲ့ကြရာ ဆာရာအလီခန်နှင့် အီဗရာဟင်အလီခန်တို့လည်း ပါဝင်ခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ မင်္ဂလာပွဲကျင်းပမည့် အီတလီနိုင်ငံသို့ ဘောလိဝုဒ်အနုပညာရှင်များစွာ မွန်ဘိုင်းလေဆိပ်မှတစ်ဆင့် ထွက်ခွာခဲ့ကြရာ ပရီရန်ကာချိုပရာ၊ ဆာရာအလီခန်းဒီရှား၊ကရိုရှ်နာကပူးလ်၊ အန်နယာပန်ဒေး၊ ရန်ဘီကပူးလ်မိသားစုအပါအဝင် နာမည်ကြီးခန်သုံးခန်တို့အပြင် ဧည့်သည်ရှစ်ရာဖိတ်ကြားထားသည်။

အီတလီဆိပ်ကမ်းမှစထွက်၍ ပြင်သစ်ဆိပ်ကမ်းတွင် ခရီးဆုံးမည့် ဒိမ်ခံသင်္ဘောပေါ်တွင် ဒုတိယအကြိမ်အကြိုမင်္ဂလာပွဲကျင်းပမည်ဖြစ်၍ ဘောလိဝုဒ်အနုပညာရှင်များ ခရီးထွက်ခဲ့ကြခြင်းဖြစ်သည်။ **(SKY)**

YangZi မေလအတွင်း အကျော်ကြားဆုံးအနုပညာရှင်ဖြစ်

တရုတ်အနုပညာလောကမှ Power Dater စာရင်းအရ မေလအတွင်း အကျော်ကြားဆုံးအနုပညာရှင်များတွင် ယောင်းဇီက ထိပ်ဆုံးနေရာယူထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မေလတစ်လတာအတွင်း အကျော်ကြားဆုံးအမျိုးသမီး အနုပညာရှင်စာရင်းကို ပါဝါဒေတာမှ ဖော်ပြပေးထားရာ ထိပ်ဆုံးဆယ်ဦးစာရင်းတွင် ယောင်းဇီ၊ ဘိန်လျှူ၊ တီအန်ရှီပိန်၊ ယောင်းမီ၊ ဒီလ်ဘာရာဒီမူရတ်၊ ဆောင်းကျီ၊ ကျန်ကျင်ရီ၊ကျန်းလျှုဆီနှင့် လီကျီတို့ ပါဝင်ကြသည်။

အမျိုးသားအနုပညာရှင်များ စာရင်းတွင် ရှောင်းကျန့်၊ ရမ်ကျီ အာလန်၊ တန်ကျင်အန်ချီ၊ ဂေါင်ဂျွန်၊ ဒန်ဝိန်၊ ချောင်ရီ၊ ဝိန်ဒါရှန်း၊ ဝမ်ရိဘို၊ ဝမ်ဟီဒီနှင့် ကျန်းရှန်ဖီတို့ ပါဝင်ကြသည်။

တရုတ်အနုပညာရှင်များ၏ ကျော်ကြားမှုမှာ ရာဇဝင်သမိုင်း ဇာတ်လမ်းတွဲများနှင့် ပရိသတ်အားပေးမှုများစွာ ရရှိခဲ့ကြခြင်းဖြစ်သည်။ **(SKY)**

Jung Kook ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆိုထားသည့် တစ်ကိုယ်တော်သီချင်း Never Let Go ထွက်ရှိလာ

ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ကုသည် သင်တန်းမသွားမီ တစ်နှစ်အလိုကပင် သူကိုယ်တိုင်ရေး၊ ဆိုထားသည့် ဂီတ Never Let Go ကို သဲလွန်စပေးခဲ့ပြီး ဇွန်လတွင် ထွက်ရမည်ဟု အသိပေးခဲ့ရာမှ ထွက်ရှိလာပြီဟု ဆွန့်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ကုက သူ၏ ဒုတိယတစ်ကိုယ်တော်သီချင်း 3D မထွက်ခင်က ရေးသားထားပြီး၊သဲလွန်စပေးခဲ့ရာ ဇွန်လတွင် ကြီးမားသော လက်ဆောင်ပေးမည်ဟု 3D မိတ်ဆက်ပွဲတွင်ပြောကြားခဲ့သည်။

ပရိသတ်များက တစ်နှစ်ကြာမှ ထိုလက်ဆောင်ကို Never Let Go အဖြစ် ပိုစတာတွင် လက်ဆောင်ထုတ်ပုံစံမျိုးနှင့် စက္ကူလေယာဉ်ပုံစံကို မြင်တွေ့ကြရာ လူတစ်ယောက်၏ လိုအင်တောင့်တမှု၊မျှော်လင့်ချက်များကို ကိုယ်စားပြုသည့် ကြားခံနယ်အဖြစ် မြင်ခဲ့ကြသည်။

အဆိုပါ သီချင်းတွင် တစ်ယောက်လက်ကို တစ်ယောက်မဖြတ်ချကြရန် အချင်းချင်းမျှော်လင့်တောင့်တမိသည့် ပုံစံမျိုးရေးသားသီဆိုထားသည်။ **(SKY)**

7 Aum Arivu ရုပ်ရှင်ကားတရုတ်နှင့် အိန္ဒိယတွဲရိုက်ထား

တရုတ်နှင့်အိန္ဒိယပူးပေါင်းရိုက်ကူးထားသည့် 7 Aum Arivu မှာ သိုင်းပညာအကြောင်းဖြစ်သည့် အိန္ဒိယတွင် တိမ်မြုပ်ပျောက်ကွယ်နေသော သိုင်းဗြိုင်ပွဲအကြောင်း တင်ဆက်ထားသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ရှေးယခင်က အိန္ဒိယနိုင်ငံတွင် သိုင်းပညာတစ်ဖက်တမ်းခတ် ကျွမ်းကျင်ပြီး မီးနှင့် ကိုင်တွယ်တိုက်ခိုက်နိုင်သည့် ဝုရကြီးတစ်ဦးရှိပြီး တရုတ်နိုင်ငံကို ထွက်ခွာလာကာ သူ့သိုင်းပညာများ ပို့ချပေးခဲ့သည်။

ရှောင်လင်သိုင်းပညာစသည့် တရုတ်သိုင်းများမှာ ဝုရကြီးထံမှ ဆင်းသက်လာပုံကို ရိုက်ကူးထားကာ လက်ရှိ တရုတ်နိုင်ငံသည် သိုင်းပညာတိုးတက်နေပြီး မူလအစ အိန္ဒိယမှာသိုင်းပညာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်။

တရုတ်နိုင်ငံရှောင်လင်ကျောင်းဆင်းသိုင်းပညာရှင်တစ်ဦးက အိန္ဒိယမှ သူ့ထက်ပိုတော်သည့် သိုင်းဆရာကြီးကို လိုက်ရှာရာမှ အိန္ဒိယအင်ဂျင်နီယာကျောင်းသားတစ်ဦး သိုင်းပညာမသိသော်လည်း စိန်ခေါ်ပွဲကျင်းပခဲ့ကြပုံကို ရိုက်ကူးတင်ဆက်ထားသည့် တရုတ်၊ အိန္ဒိယတွဲရိုက်ကူးထားသည့် ရုပ်ရှင်ဖြစ်သည်။ **(SKY)**

Bada Lee နှင့်အတူ V ၏အက ပီဒီယိုလှုံ့ကြိုက်များ

အကပညာရှင် ဘာဒါလီနှင့် ဘီတီအက်စ်မှ ဗွီခေါ် ကင်ထယ်ယောင်းတို့၏ အကဗီဒီယိုထွက်ရှိလာပြီး အကစွမ်းရည်မြင့်မားသဖြင့် လူကြိုက်များနေကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အကဗီဒီယိုတွင် ဘာဒါလီနှင့် ဗွီတို့က ပလေဘိုရီ ချာတီနှင့် ထရာဗစ်စကော့ပ်တို့ ပြန်ဆိုထားသည့် ကာရီဖက်စ်၏ FUK SUMN သီချင်းနှင့် နှစ်ဦးတွဲ၍ အကစွမ်းရည်ပြသထားရာ ဗွီကို အကနတ်ဘုရားဟု သတ်မှတ်ခံခဲ့ရသည်။

ဗွီခေါ် ကင်ထယ်ယောင်းက အကကို နှစ်သက်သူဖြစ်၍ အကပညာကို လေ့လာ၍ သင်တန်းတက်နေဆဲကာလမှာပင် လေ့ကျင့်မှုမရှိဘဲ အကကို ချပြထားရာ သူ၏ ပင်တိုင်အကအဖွဲ့ဝင် လေးဦးနှင့်အတူ ကပြထားပြီး ဘာဒါလီနှင့် အကစွမ်းရည်မှာ ပရိသတ်ကြိုက်နှစ်သက်သူများပြားခဲ့သည်။ **(SKY)**

0-0-0-0-0

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

ဥရောပသမဂ္ဂ ပါလီမန်ရွေးကောက်ပွဲ ရှုံးနိမ့်ခဲ့ပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် မာခရွန် စီစဉ်

ပဲရစ် ဇွန် ၁၀

ဥရောပသမဂ္ဂ ပါလီမန်ရွေးကောက်ပွဲ ရှုံးနိမ့်ခဲ့ပြီးနောက် ပြင်သစ်ပါလီမန် ကြားဖြတ်ရွေးကောက်ပွဲ အဆောတလျင် ကျင်းပရန် သမ္မတ အီမန်နျုယယ်မာခရွန် စီစဉ်ခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

မာရင်းလီပင်း ဦးဆောင်သော ပြင်သစ်အတိုက်အခံအမျိုးသားတပ်ပေါင်းစုပါတီကို ဥရောပသမဂ္ဂ ပါလီမန်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းနှင့် ပတ်သက်၍ ဘဝင်မကျဖြစ်ကာ ဇွန် ၃၀ ရက်တွင် ပြင်သစ်ပါလီမန် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဟု ဇွန် ၉ ရက်တွင် ၄င်းက အတည်ပြုကြေညာခဲ့သည်။

မိမိအာဏာရစဉ် ကာလအတွင်း ပြင်သစ်ပါလီမန်တွင် မည်သည့်ပါတီအင်အားစုက အားပေးထောက်ခံမှု အများဆုံးရရှိမည်ကို ထိုကြားဖြတ်အစိုးရက အဆုံးအဖြတ်ပေးလိမ့်မည်ဟု အီမန်နျုယယ်မာခရွန်က ထုတ်ဖော်ပြောကြားသည်။

မဲဆန္ဒရှင်များ၏ အားပေးထောက်ခံမှု တဖြည်းဖြည်းကျဆင်းလာလျက်ရှိသည့် အီမန်နျုယယ်မာခရွန်၏ အခြေအနေကို ယခုနှစ် ဥရောပပါလီမန်ရွေးကောက်ပွဲက သက်သေပြလိုက်ကြောင်း ပြင်သစ်အတိုက်အခံနိုင်ငံရေးအင်အားစုဝင်များက ဝေဖန်ထောက်ပြသည်။

Mon

အိန္ဒိယနိုင်ငံ ကက်ရ်မီးယားပြည်နယ် တစ်နေရာတွင် ဇွန် ၉ ရက်က လူ ၉ ဦး သေဆုံးပြီး ၃၃ ဦး ဒဏ်ရာရစေခဲ့သော ပစ်ခတ်တိုက်ခိုက်မှု၌ ကယ်ဆယ်ရေးအဖွဲ့က ဒဏ်ရာရသူတစ်ဦးကို ဆေးရုံသို့ ပို့ပေးနေစဉ်။

Mon

ရွေးကောက်ပွဲနိုင်သည့် နာရင်ဒရာမိုဒီ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

ဒေလီ ဇွန် ၁၀

မကြာသေးမီက ရွေးကောက်ပွဲနိုင်သည့် အသက် ၇၃ နှစ်အရွယ် နာရင်ဒရာမိုဒီ အိန္ဒိယဝန်ကြီးချုပ်အဖြစ် ဇွန် ၉ ရက်က ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒေလီမြို့တော်ရှိ သမ္မတအိမ်တော်တွင် အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲကျင်းပရာ ဘဂ်လားဒေ့ရ်၊ နီပေါ၊ သီရိလင်္ကာနှင့် မော်လ်ဒိုက်ဗစ်သော အိမ်နီးချင်းနိုင်ငံများမှ ခေါင်းဆောင်များအပါအဝင် စစ်ဘက်နယ်ဘက်နှင့် သံတမန်အသိုက်အဝန်းမှ ပရိသတ်ထောင်နှင့်ချီ၍ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားကျင်းပနေစဉ် ဒေလီမြို့တော်လေကြောင်းပိုင်နက်ကို လေယာဉ်မပျံသန်းရန်ယန်နိမိတ်အဖြစ် သတ်မှတ်ကြေညာကာ ရဲလုံခြုံရေးအင်အားကိုလည်း ၂၅၀၀ ကျော်အထိ ချထားခဲ့သည်။

ထိုကျမ်းသစ္စာကျိန်ဆိုမှုကို အိန္ဒိယသမ္မတ ဒရောဥပဒိမွာမှု၏ ရှေ့မှောက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မိုဒီ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် အစိုးရအဖွဲ့သစ်လည်း ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

၄င်းဦးဆောင်သည့် ဘီဂျေပီ ပါတီက ၂၀၂၄ ခုနှစ် အိန္ဒိယ ရွေးကောက်ပွဲတွင် အနိုင်ရသော်လည်း ပါလီမန်၌ အမတ်နေရာ ၂၉၃ နေရာသာ ရရှိခဲ့သဖြင့် မဟာမိတ်ပါတီများနှင့် ပူးပေါင်းကာ ညွှန့်ပေါင်းအစိုးရ ဖွဲ့ခဲ့ကြောင်း သိရသည်။

Mon

အစ္စရေးမားစာခံလေးဦးကို ကယ်ဆယ်စဉ် ပါလက်စတိုင်း ၂၇၄ ဦး သေဆုံးခဲ့ရသည်ဟု ဆို

ဂျေရုဆလင် ဇွန် ၁၀

ဇွန် ၈ ရက်က နူဆေရတ် ဒုက္ခသည်စခန်း ပတ်ဝန်းကျင်တွင် ပြုလုပ်သည့် အစ္စရေးဓားစာခံ လေးဦးကို ကယ်ဆယ်သော စစ်ဆင်ရေးတွင် ပါလက်စတိုင်း ၂၇၄ ဦး သေဆုံးခဲ့ရသည်ဟု ဟားမတ်စ် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ စစ်ဆင်ရေးတွင် ပါလက်စတိုင်း ၁၀၀ ကျော်ခန့် သေဆုံးနိုင်ဖွယ်ရှိသည်ဟု အစ္စရေးဘက်က ခန့်မှန်းသော်လည်း ဟားမတ်စ်ဘက်က တွက်ချက်သိရှိရသည့် သေဆုံးမှုပမာဏမှာ ထိုထက်ပိုများနေခဲ့သည်။

လူလေးဦးကို ကယ်တင်ရန် ပါလက်စတိုင်းအရပ်သား ရာနှင့်ချီ သေဆုံးခဲ့ရခြင်းနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ နိုင်ငံခြားရေးရာ အကြီးအကဲ ကျိုးဇက်ဘော်ရဲလ်က အစ္စရေးကို ဝေဖန်ရှုတ်ချသည်။

အရပ်သားများကို လူသားတံတိုင်းပြုလုပ် အကာအကွယ်ယူ ပုန်းခိုနေသော ဟားမတ်စ်တို့ကို ပြစ်တင်ရှုတ်ချရမည့်အစား ဥရောပသမဂ္ဂက မိမိတို့ကို ဝေဖန်ရှုတ်ချနေသည်မှာ လွဲချော်နေသည်ဟု အစ္စရေးဝန်ကြီးတစ်ဦးက တုံ့ပြန်ထောက်ပြခဲ့ကြောင်း သိရသည်။

Mon

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ သမီးနှစ်ဦး စိန့်ပီတာစဘာတ်စီးပွားရေးဖိုရမ်သို့ တက်ရောက်

မော်စကို ဇွန် ၁၀

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ သမီးနှစ်ဦး ဇွန် ၈ ရက်က စိန့်ပီတာစဘာတ်အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ဖခင်ဖြစ်သူက မိသားစုနှင့် ပတ်သက်၍ဖြစ်စေ၊ မိသားစုဝင်များနှင့် ပတ်သက်၍ဖြစ်စေ၊ သိပ်သိပ်လျှို့ဝှက်လွန်းခဲ့သဖြင့် ထိုသမီးနှစ်ဦး ယခင်က လူမြင်ကွင်းပေါ်သို့ ပေါ်ထွက်ခဲ့ဖူးခြင်း မရှိကြောင်း ထိုသတင်းတွင် ဆက်လက်ဖော်ပြသည်။

ရုရှားသမ္မတ၏ သမီးများ ဖြစ်ကြသည့် အသက် ၃၀ ကျော်ပြီဟု ယုံမှတ်ရသော မာရီယာဗိုရွန်ဆိုဗာနှင့် ကာတေရီနာတီခိုနီဗာတို့ နှစ်ဦးအနက် မာရီယာက အဆိုပါဖိုရမ်သို့ လူကိုယ်တိုင် တက်ရောက်ပြီး ကာတေရီနာက အဝေးမှ တိုက်ရိုက်ရုပ်သံလွှင့်ပြီး တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

လူကိုယ်တိုင်တက်ရောက်သည့် သမီးကြီးဖြစ်သူ မာရီယာ ဗိုရွန်ဆိုဗာက ဧဝနည်းပညာနှင့် ဧဝထုတ်လုပ်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုများအကြောင်းကိုလည်း ကောင်း၊ သမီးငယ် ကာတေရီနာ တီခိုနီဗာက အရုပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာ နည်းပညာတင်ပို့မှုများ ချုပ်ငြိမ်းရေးနှင့် ဆန်းသစ်တီထွင်မှုများအကြောင်းကိုလည်း ကောင်း၊ အသီးသီးဆွေးနွေးခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

အစ္စရေး စစ်ကာလအစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုက်ပြီဟု ဘင်နီဂန့်ဇ် ပြောကြား

ဂျေရုဆလင် ဇွန် ၁၀

အစ္စရေး စစ်ကာလအစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုက်ပြီဟု ဘင်နီဂန့်ဇ် ဇွန် ၉ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တဲလ်အဗစ်မြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ၄င်းက ထိုသို့ နုတ်ထွက်သည့် အကြောင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

၄င်းအနေဖြင့် စစ်ကာလ အစိုးရအဖွဲ့မှ သာမက ဥက္ကဋ္ဌ အဖြစ် ၄င်းဦးဆောင်နေသော နိုင်ငံရေးပါတီမှလည်း နုတ်ထွက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

Mon

ပြိတိသျှရုပ်သံတင်ဆက်သူ မိုက်ကယ်မိုစလီ ဂရိကျွန်းပေါ်၌ သေဆုံးနေသည်ကို တွေ့ရှိ

အေသင် ဇွန် ၁၀

အသက် ၆၇ နှစ်အရွယ် ဗြိတိသျှရုပ်သံတင်ဆက်သူ မိုက်ကယ်မိုစလီသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က အမှုချိန် မြင့်မားလှသည့်အချိန်တွင် လမ်းလျှောက်ထွက်ရာမှ ပျောက်ဆုံးသွားပြီးနောက် ဆီးမီဂရိကျွန်းပေါ်တွင် မကြာသေးမီက သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

၄င်း၏ ရုပ်အလောင်းကို အာဂျီးယားမရီနာကမ်းခြေအနီးရှိ ကျောက်တောင်ပေါ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ကျန်းမာရေးပညာပေးရာတွင် ထင်ရှားကျော်ကြားသူ မိုစလီသည် ၄င်း၏ ဇနီးသည်နှင့် အားလပ်ရက်ခရီးထွက်ရာမှ ယခုကဲ့သို့ သေဆုံးခဲ့ခြင်းဖြစ်ပြီး ဒေသအာဏာပိုင်များက အမှုမှန်ဖော်ထုတ်ရန် စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Mon

သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ပစ်ခတ်တိုက်ခိုက်မည့် အကြမ်းဖက်သမားများအား ၁၀၇ မမ ရှော့တိုက်ဒုံးသီးများနှင့်အတူ ဖမ်းဆီးရမိ

သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအား ၁၀۷ မမ ရှော့တိုက်ဒုံးသီးဖြင့်ပစ်ခတ်မည့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုအခြေပြုဇယား



သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားအား အကြမ်းဖက်သမားများက ၁၀۷ မမ ရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှု အခြေအနေ။

နေပြည်တော် ဇွန် ၁၀

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက် အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများ၊ လမ်းတံတားများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နှည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော NUG လက်အောက်ခံ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင်များသည် ဇွန် ၈ ရက်တွင် **သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနား**ကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် **၁၀۷ မမ ရှော့တိုက်ဒုံး**များဖြင့် ပစ်ခတ်တိုက်ခိုက်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး နေ/ညပြတ် ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန် ၈ ရက်နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၁)ရပ်ကွက် သဘော်ကျင်း ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ သစ်သားလိုင်းခန်းအဟောင်း၌ ရန်ကုန် UG အကြမ်းဖက် အဖွဲ့ဝင်များဖြစ်သော **စိန်ကြီး(ခ)အောင်ထွေး၂၆ နှစ်၊ ချိုကြီး(ခ) ဟိန်းထက်အောင် ၁၈ နှစ်၊ မင်းသူ ၃၀ နှစ်၊ မောင်ဟိန်း ၂၄ နှစ်၊ အောင်သူရထွန်း ၂၅ နှစ်၊ ပြည့်ဖြိုးဇော်**၁၈နှစ်နှင့် ထက်အာကာလင်း ၂၆ နှစ်တို့ ခုနှစ်ဦးအား **၁၀۷ မမ ရှော့တိုက်ဒုံး သုံးလုံး၊ ဖြူးစ် သုံးခု၊ လက်ပစ်စုံး နှစ်လုံး၊ ဘက်ထရီအိုး နှစ်လုံး၊ ဝိုင်ယာကြိုးခွေ လေးခွေနှင့်** အခြားဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဘက်ထရီအိုး နှစ်လုံး၊ ဝိုင်ယာကြိုးခွေ လေးခွေ၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၉ ရက်နံနက်ပိုင်းတွင် ရှော့တိုက်ဒုံး ပစ်ခတ်ရန် ပူးပေါင်းပါဝင်သူများ ဖြစ်သော **ချစ်ကေခိုင်** ၃၈ နှစ်အား ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၇၂)ရပ်ကွက် သဇင်လမ်း အမှတ် (၉၃)နေအိမ်မှ လည်းကောင်း၊ **ဇာနည်အောင်(ခ)ကိုဇာ** ၃၂ နှစ်အား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၇၂)ရပ်ကွက် ဗန္ဓုလလမ်း အမှတ်(၁၁၁)နေအိမ်မှ ၁၀၇ မမ ရှော့တိုက်ဒုံး တစ်လုံး၊ ဖြူးစ်တစ်ခု တို့ဖြင့်လည်းကောင်း အသီးသီး ထပ်မံ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်တွင် တရားခံ **ကျား ရှစ်ဦး၊ မ တစ်ဦး ပေါင်း ကိုးဦး**တို့နှင့်အတူ **၁၀۷ မမရှော့တိုက်ဒုံး သုံးလုံး၊ ဖြူးစ် သုံးခု၊ လက်ပစ်စုံး နှစ်လုံး၊ ဘက်ထရီအိုး နှစ်လုံး၊ ဝိုင်ယာကြိုးခွေ လေးခွေနှင့်** အခြားဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ Brigade Drone Force PDF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **အာကာမင်း**က ၂၀၂၄ ခုနှစ် ဧပြီလ တတိယပတ်တွင် Instagram မှတစ်ဆင့် ရှော့တိုက်ဒုံးချိန်ရွယ်နည်းနှင့် ပစ်ခတ်နည်းများအား သင်ကြားပေးခဲ့ကြောင်း၊ သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်၍ လုပ်ကြံပစ်ခတ်ရန် အတွက် မေ ၁၉ ရက်တွင် ရန်ကုန် UG အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ **ဖြူနှင်းအေး(ခ)မီးအိမ်ရှင်**က **စိန်ကြီး(ခ)အောင်ထွေး**အား ဆက်သွယ်၍ ၁၀۷ မမ ရှော့တိုက်ဒုံးသီး သုံးလုံးနှင့် လက်ပစ်စုံး နှစ်လုံးတို့ကို ချိတ်ဆက်ပို့ဆောင်ပေးခဲ့သဖြင့် **စိန်ကြီး(ခ)အောင်ထွေး၊ ဇာနည်အောင် (ခ)ကိုဇာ**နှင့် **ချစ်ကေခိုင်**တို့သုံးဦးက ပုဇွန်တောင် မြို့နယ် Ocean Center အနီးရှိ ကားမှတ်တိုင်တွင် ရန်ကုန် UG အဖွဲ့ဝင် (စိစစ်ဆဲ) ကျား နှစ်ဦးထံမှ သွားရောက်ယူဆောင်ခဲ့ပြီး သိုဝှက်သိမ်းဆည်း ထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **စိန်ကြီး(ခ)အောင်ထွေး၊ ချိုကြီး(ခ) ဟိန်းထက်အောင်၊ မောင်ဟိန်း၊ ပြည့်ဖြိုးဇော်၊ ထက်အာကာလင်း၊ ဇာနည်အောင် (ခ) ကိုဇာနှင့် ချစ်ကေခိုင်** တို့ ခုနှစ်ဦးသည် ဇွန် ၄ ရက်မှ ၈ ရက်အထိ သန်လျင်တံတား၏ အခြေအနေ၊ သန်လျင်တံတားအဆင်း တိုးဂိတ် အနီးနေရာနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြနန္တာအိမ်ရာ အနီးတစ်ပိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏အခြေအနေ တို့ကို ငါးကြိမ် သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ထို့နောက် ၁၀۷ မမ ရှော့တိုက်ဒုံး ပစ်ခတ်မည့်နေရာအား ဆိပ်ကမ်းသာလမ်းအောက် ဘက် "ဘုရင်ကြီး" သဲကျောက်ရောင်းဝယ်ရေးလုပ်ငန်း၏ အရှေ့ဘက် မီတာ ၁၀၀၀ ခန့်အကွာ သဲကွင်းပြင်နေရာကို ရွေးချယ်သတ်မှတ်ခဲ့ပြီး ဇွန် ၈ ရက် တံတားဖွင့်ပွဲအခမ်းအနားကျင်းပမည့်အချိန်တွင် ပစ်ခတ်ဖောက်ခွဲရန် စီစဉ်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူ့တစ်ရပ်လုံးက ပိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူ့တစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန်မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

ဇွန် ၈ ရက်တွင် သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအား ပစ်ခတ်မည့် ၁၀۷ မမ ရှော့တိုက်ဒုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ဇွန် ၉ ရက်တွင် သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအား ပစ်ခတ်မည့် ၁၀۷ မမ ရှော့တိုက်ဒုံး သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ကလေးမြို့ ရေကူးကန်တွင် လူငယ်များကိုဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ခံဝန်ထိုးခိုင်းကြောင်းနှင့် တချို့ကို စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မင်းကြီးဟိုတယ်ရေကူးကန်တွင် ရေကူးနေသည့် လူငယ် ၂၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၉ ရက်တွင် ဝင်ရောက်ဖမ်းဆီးခဲ့ပြီး စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ်ထိုးခိုင်းကြောင်းနှင့် တချို့ကို စစ်မှုထမ်းဆောင်ရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇွန် ၉ ရက်တွင် ကလေးမြို့ မင်းကြီးဟိုတယ် ရေကူးကန်တွင် လာရောက်ရေကူးသည့် လူငယ်များ ခိုက်ရန်ဖြစ်ပွားနေကြောင်း သတင်းပေးပို့ချက်အရ မြို့နယ်စီမံအုပ်ချုပ်ရေးတာဝန်ရှိသူများက ခိုက်ရန်ဖြစ်ပွားမှုမရှိစေရန်အတွက် သွားရောက်ဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ်ထိုးခိုင်းခြင်း၊ ဖမ်းဆီးခဲ့ခြင်းမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်သည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်း သာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သဘာဝဘေးအန္တရာယ်တုံ့ပြန်နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်

လားရှိုး ဇွန် ၁၀

ရေဘေးအန္တရာယ်များ ကြုံတွေ့လာနိုင်မည့် အခြေအနေများရှိပါက ပြည်သူများထံသို့ အချိန်မီအသိပေးပြန်ကြားရန်၊ သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ကူညီရွှေ့ပြောင်းရေး လုပ်ငန်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက် များ ရေးဆွဲထားပြီး ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှု အခြေအနေများ သရုပ်ပြအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လားရှိုးခရိုင် မီးသတ်ဦးစီးမှူးရုံးဝင်းအတွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ဆောင်ရွက်ရန်ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားသည့်ဆောင်ရွက်ချက်များ၊ ရှာဖွေကယ်ဆယ်ရေးသုံးစက်ကိရိယာ ပစ္စည်းများကို လိုက်လံကြည့်ရှုသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များ၊ ပရဟိတအသင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲ)
မြို့နယ်(ပြန်/ဆက်)

အမှုနှင့်ပြစ်ဒဏ်ကျခံနေသူအား အပြင်အလုပ်တာဝန်ခိုင်းစေပြီး ပြန်လာရာမှ မူးယစ်ဆေးဝါးနှင့်ဖမ်းဆီးရမိသဖြင့် အမှုထပ်မံဖွင့်လှစ်

မြစ်ကြီးနား ဇွန် ၁၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်ရှိ မြစ်ကြီးနား အကျဉ်းထောင်တွင် အမှုဖြင့်ပြစ်ဒဏ်ကျခံနေသူ အမျိုးသားတစ်ဦးအား ပြင်ပမွေးမြူရေးလုပ်ငန်းတာဝန်ခိုင်းစေရာမှ အပြန်ထောင်ဘူးဝတွင် စစ်ဆေးရာ မူးယစ်ဆေးဝါး ပြန်လည်သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အမှုဖွင့်လှစ်အရေးယူထားကြောင်း သက်ဆိုင်ရာမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၇ရက် နံနက်စာနာရီက မြစ်ကြီးနားအကျဉ်းထောင်တွင် အပြင်ဘုတ်(ကြက်၊ ဝက်)မွေးမြူရေးသို့ ထုတ်ထားသည့် ရာဇသတ်ကြီး ပုဒ်မ ၃၈၀ ဖြင့် ထောင်ဒဏ်(၁)နှစ် ကျခံနေသူ ချမ်းဝင်းသူ(ခ)ဖိုးချမ်း(၂၉)နှစ်အား ပြင်ပမွေးမြူရေးလုပ်ငန်းဘုတ်ထုတ်ထားပြီး ညနေ ၄နာရီတွင် အကျဉ်းထောင်အတွင်းသို့ ပြန်လည်ထည့်သွင်းချိန် ၄င်းခန္ဓာကိုယ်အား မိန်းတံခါးတာဝန်ကျ ဝန်ထမ်းများမှ စစ်ဆေးရာဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးမှာ အပြင်ဘုတ်မွေးမြူရေးတွင် သွားရောက်အလုပ်လုပ်ကိုင်နေစဉ် (ကြက်၊ ဝက်) မွေးမြူရေး ကြီးကြပ်တာဝန်ကျ ဝေယံဖြိုးထံမှ ရသဖြင့် မြစ်ကြီးနားမြို့ နယ်မြေ ရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ် ဇင်မာအေးမင်း ဦးစီးအဖွဲ့မှ သက်သေ များနှင့်အတူ စစ်ဆေးရာ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးမှာ အပြင်ဘုတ်မွေးမြူရေးတွင် သွားရောက်အလုပ်လုပ်ကိုင်နေစဉ် (ကြက်၊ ဝက်) မွေးမြူရေး ကြီးကြပ်တာဝန်ကျ ဝေယံဖြိုးထံမှ သုံးစွဲရန် ဝယ်ယူလာသည့် ပစ္စည်းဖြစ်ကြောင်း စစ်ဆေးသိရသည်။

ဖြစ်စဉ်ကြောင့် အကျဉ်းကျခံနေစဉ်ကာလတွင် မူးယစ်ဆေးဝါး သယ်ဆောင်လာသူ ချမ်းဝင်းသူ(ခ)ဖိုးချမ်း(၂၉)နှစ်နှင့် မူးယစ်ဆေးဝါးရောင်းချပေးသူ ဝန်ထမ်းဝေယံဖြိုး(၂၂)နှစ်တို့နှစ်ဦးအား မြစ်ကြီးနားမြို့ နယ်မြေရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အမှုဖွင့်လှစ်အရေးယူထားကြောင်း သိရသည်။

(၄၄၄)

၀-၀-၀-၀-၀

မိုးညှင်းမြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာ အနီးတွင် မော်တော်ယာဉ်များ အား စစ်ဆေးရှာဖွေစဉ် မန္တလေးမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ကြည်ခိုင်၊ မဆိုးနှင့် အောင်စိုး ဆိုသူတို့၏ ကျောပိုးအိတ်များ အတွင်းမှ ဘိန်းစိမ်းအလေးချိန် ၂၀ ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကြည်ခိုင် (၄၃)နှစ်၊ မဆိုး (၃၇)နှစ်နှင့် အောင်စိုး (၄၁)နှစ်ဆိုသူတို့အား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ဒြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၉ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Power Mandalay Mobile Second" Facebook Page အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာတောင်ရပ်ကွက်နေ ပြည်ဖြိုးဇော်အား နံနက် ၈ နာရီမိနစ် ၄၀ တွင် မဟာအောင်မြေမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတကာ အားကစား သတင်းများ

2024 French Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Carlos Alcaraz ဆွတ်ခူး



ပဲရစ် ဇွန် ၁၀

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင်ကျင်းပပြုလုပ်လျက်ရှိသောနာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲ ဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်တင်းနစ်ကစားသမား Carlos Alcaraz က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2024 French Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၆-၃၊ ၂-၆၊ ၅-၇၊ ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ Carlos Alcaraz က ကျွန်တော်အခုလို 2024 French Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ဂျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါဟု ပြောသည်။

(အပေါ်ဝဲပုံ)(NGB)

ဆက်ဇီနီအား ခေါ်ယူရန် အယ်လ်နာဆာအသင်း စီစဉ်

လန်ဒန် ဇွန် ၁၀

ဆော်ဒီကလပ် အယ်လ်နာဆာအသင်းသည် ဂျူဗင်တပ်အသင်း ဂိုးသမား ဆက်ဇီနီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၂ ပွဲကစားကာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်နာဆာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဂျူဗင်တပ်အသင်းကလည်း ဆက်ဇီနီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အယ်လ်နာဆာအသင်းအနေဖြင့် ဂျူဗင်တပ်အသင်းထံမှ ဂိုးသမား ဆက်ဇီနီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)
(NGB)

အာဂျင်တီးနားအသင်းက အီကွေဒေါအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

လန်ဒန် ဇွန် ၁၀

နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ယနေ့ နံနက် ပိုင်းက အာဂျင်တီးနားအသင်းနှင့် အီကွေဒေါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက အီကွေဒေါအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၀ မိနစ်တွင် ဒီမာရီယာက သွင်းယူပေးခဲ့သည်။

အာဂျင်တီးနားအသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၅ ရက်တွင် ပွါတီမာလာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

(အပေါ်ပုံ)(NGB)

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(အာရှရှင်းခြေစမ်းပွဲ) ဒုတိယအဆင့်(ပွဲစဉ်-၆) နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	အုပ်စု	ပွဲစဉ်		ပ-ကျော့ ရလဒ်
၁၁-၆-၂၀၂၄ အင်္ဂါနေ့	ညနေ ၄:၄၄ နာရီ	B	ဂျပန် - ဆီးရီးယား	ဆီးရီးယား	၀-၅ ဂျပန်
″	ညနေ ၅:၃၀ နာရီ	C	တောင်ကိုရီးယား - တရုတ်	တရုတ်	၀-၃ **တောင်ကိုရီးယား**
″	ညနေ ၆:၃၀ နာရီ	I	သြစတြေးလျ - ပါလက်စတိုင်း	ပါလက်စတိုင်း	၀-၁ သြစတြေးလျ
″	ည ၇:၀၀ နာရီ	C	ထိုင်း - စင်ကာပူ	စင်ကာပူ	၁-၃ ထိုင်း
″	″	F	အင်ဒိုနီးရှား - ဗီလစ်ပိုင်	ဗီလစ်ပိုင်	၁-၁ အင်ဒိုနီးရှား
″	ည ၇:၃၀ နာရီ	B	မြောက်ကိုရီးယား - မြန်မာ	မြန်မာ	၁-၆ **မြောက်ကိုရီးယား**
″	″	D	မလေးရှား - တရုတ်တိုင်းပေ	တရုတ်တိုင်းပေ	၀-၁ မလေးရှား
″	ည ၉:၃၀ နာရီ	G	တာဂျီကစ္စတန် - ပါကစ္စတန်	ပါကစ္စတန်	၁-၆ တာဂျီကစ္စတန်
″	″	E	တာမင်နေစ္စတန် - ဟောင်ကောင်	ဟောင်ကောင်	၂-၂ တာမင်နေစ္စတန်
″	ည ၁၀:၁၅ နာရီ	A	ကာတာ - အိန္ဒိယ	အိန္ဒိယ	၀-၃ ကာတာ
″	ည ၁၀:၃၀ နာရီ	D	အိုမန် - ကာဂျစ္စတန်	ကာဂျစ္စတန်	၁-၀ အိုမန်
″	″	I	လက်ဘနွန် - ဘင်လားဒေရှ်	ဘင်လားဒေရှ်	၁-၁ လက်ဘနွန်
″	ည ၁၀:၃၀ နာရီ	E	အီရန် - ဥဇဘက်ကစ္စတန်	ဥဇဘက်ကစ္စတန်	၂-၂ အီရန်
″	″	H	ယူအေအီး - ဘာရိန်း	ဘာရိန်း	၀-၂ ယူအေအီး
၁၂-၆-၂၀၂၄ ဗုဒ္ဓဟူးနေ့	နံနက် ၀၀:၁၅ နာရီ	A	ကူဝိတ် - အာဇဂန်နစ္စတန်	အာဇဂန်နစ္စတန်	၀-၄ ကူဝိတ်
″	နံနက် ၀၀:၃၀ နာရီ	F	အီရတ် - ဗီယက်နမ်	ဗီယက်နမ်	၀-၁ အီရတ်
″	″	G	ဆော်ဒီအာရေဗျ - ဂျော်ဒန်	ဂျော်ဒန်	၀-၂ **ဆော်ဒီအာရေဗျ**
″	″	H	ယီမင် - နီပေါ	နီပေါ	၀-၂ ယီမင်

နီကိုလပ်စ်ဂျက်ဆန် ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

လန်ဒန် ဇွန် ၁၀

ချဲလ်ဆီးအသင်းနှင့် ဆီနီဂေါလက်ရွေးစင် အသင်းတိုက်စစ်မှူး နီကိုလပ်စ်ဂျက်ဆန် ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ဆီနီဂေါလက်ရွေးစင်အသင်းနှင့် ကွန်ဂိုအသင်းတို့ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး နီကိုလပ်စ်ဂျက်ဆန် ဒဏ်ရာပြသနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နိုင်ငံလက်ရွေးစင်အသင်းဖြစ်သည့် ဆီနီဂေါအသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် ချဲလ်ဆီးအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ **(အပေါ်ဝဲပုံ)**

အသက်(၂၂)နှစ်အရွယ်ရှိ နီကိုလပ်စ်ဂျက်ဆန်သည် ဆီနီဂေါလက်ရွေးစင်အသင်းနှင့်အတူ နိုင်ငံတကာပွဲစဉ် ၁၄ ပွဲထိ ကစားထားသလို၊ ချဲလ်ဆီးအသင်းနှင့်လည်း ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ ပွဲကစားပြီး ၁၇ ဂိုး သွင်းယူထားသည်။ **(NGB)**

ဂျာအိုပယ်လင်ဟာအား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း သဘောတူညီမှုရရှိ

မြူးနစ် ဇွန် ၁၀

ဘိုင်ယန်မြူးနစ်အသင်းသည် ဖူလ်ဟမ်အသင်း ကွင်းလယ်ကစားသမား ဂျာအိုပယ်လင်ဟာအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာအိုပယ်လင်ဟာအတွက် ဖူလ်ဟမ်အသင်းထံ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၄၅သန်း ပေးချေခဲ့ရပြီး နှစ်ရှည်စာချုပ် ချုပ်ဆိုထွားမည်ဟုလည်း သတင်းများက ဖော်ပြခဲ့သည်။ **(ယာဝုံ)**

ကွင်းလယ်ကစားသမား ဂျာအိုပယ်လင်ဟာသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ ပွဲကစားပြီး ၈ ဂိုး သွင်းယူထားသည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ဂျာအိုပယ်လင်ဟာအား လာမည့် ဘောလုံးရာသီသစ်တွင် ဘိုင်ယန်မြူးနစ်အသင်း ကစားသမားအဖြစ် မြင်တွေ့ရမည်လား ဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

ဘောလုံးသတင်း အတို အထွာများ

* နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အီတလီအသင်းနှင့် ဘော့စနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီတလီအသင်းက ဘော့စနီးယားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။
* အင်တာမီလန်အသင်းသည် အသင်းတိုက်စစ်မှူး လော်တာ ရိုမာတီနက်ဇ်အား ၂၀၂၉ ခုနှစ်အထိ နှစ်ရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်		
၁၁-၆-၂၀၂၄ အင်္ဂါနေ့	ညနေ ၃:၃၀ နာရီ	ပွန်ဂိုလီးယား	-	ကျွန်ဒီးယား
″	ည ၈:၃၀ နာရီ	အာဇာဘိုင်ဂျန်	-	ကာဇက်စတန်
″	ည ၁၀:၃၀ နာရီ	ဇော်လ်ဒိုဗာ	-	ယူကရိန်း
″	″	ဇော်လ်ဗာ	-	ဂရိ
″	″	ဆမ်မာရီနို	-	အိုက်ဗရပ်စ်
″	″	ဘီလာရုစ်	-	အစ္စရေး
၁၂-၆-၂၀၂၄ ဗုဒ္ဓဟူးနေ့	နံနက် ၀၀:၁၅ နာရီ	ဇပါတူဂီ	-	အိုင်ယာလန်
″	″	မြောက်အိုင်ယာလန်	-	အန်ဒိုရာ
″	နံနက် ၀၆:၃၀ နာရီ	ချီလီ	-	ပါရာဂွေး

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စွန်ရဲအင်းဒေသ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးဇုန်ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၀

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးဇုန်ကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးပြောကြား

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များအတွက် နည်းပညာအပါအဝင် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးလျက်ရှိရာ လုပ်ငန်းဆိုင်ရာ သဘောတူညီမှုစည်းကမ်းချက်များနှင့်အညီ ပဂ္ဂလိကအကျိုးစီးပွားဖြစ်ထွန်းစေရေးနှင့် သတ်မှတ်ကာလအတွင်း စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး နို့စားနွားမွေးမြူရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စဉ်ကိုင်မြို့နယ် တာအုံကျေးရွာအုပ်စု ဆောက်အင်းကျေးရွာအနီး တည်ဆောက်ပြီးစီးသည့် ဆောက်အင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ ရေသောက်ဧရိယာအတွင်းမှ တောင်သူများဖြင့် ဖွဲ့စည်းထားသော ရေအသုံးချသုံးများ(WUG)အဖွဲ့ဝင်များအား တွေ့ဆုံပြီး စပါးသီးနှံအခြေခံ၍ တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးကြကာ မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေနေမှုနှင့် တောင်သူများ၏စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် ဆောက်အင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ပင်မလျှပ်စစ်ဓာတ်အားနှင့် ဆိုလာစွမ်းအင်ကို တွဲဖက်အသုံးပြု၍ ဒုဋ္ဌဝတီမြစ်မှရေကို တင်ယူပြီး ကွန်ပျူတာတက္ကသိုလ် (မန္တလေး)အနီးရှိ တအုံ၊ ဧည့်ပြ၊ တလိုင်းကန် စိုက်ကွင်းများမှ စိုက်ပျိုးမြေဧက ၁၀၀၀ အား နွေ၊မိုး၊ ဆောင်း တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် နွေစပါး၊ နှမ်း ၊ နေကြာအပါအဝင် ဧက ၆၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည်စဉ်ကိုင်မြို့နယ် ဆည်ရွာကျေးရွာအနီးရှိ မန္တလေး တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် ပုသိမ်ကြီးမြို့နယ် ကြူဝန်းရှိ အသားတိုး နွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်သရုပ်ပြခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်ခွဲခန်းပညာရပ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းမျှဝေပေးပြီး ဓာတ်ခွဲခန်းပညာရှင် ခါးဆက်မပြတ်စေရေးနှင့် ထုးချွန်သူများပေါ်ထွန်းလာရေး အားပေးချီးမြှောက်ရန်လိုအပ်ချက်များ၊ ဘဏ္ဍာနှစ်အလိုက် သတ်မှတ်ထားသောလုပ်ငန်းများ လျာထားချက် ပြည့်မီစွာဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

သတင်းစဉ်

ပိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိတ္ထီလာ ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ခရိုင်သစ်တော ဦးစီးဌာနမှ စီစဉ်ကျင်းပသော ၂၀၂၄ ခုနှစ် မိုးရာသီလူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၈ ရက် နံနက် ၈ နာရီက မိတ္ထီလာ-မလှိုင် ကားလမ်းမအနီးရှိ လိန်တောကြိုးပြင်ကာကွယ်တောတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ဦးစွာ သစ်ပင်စိုက်ပျိုးပွဲတွင်ပါဝင် စိုက်ပျိုးကြမည့်သူများထံသို့ သစ်ပင်ပျိုးပင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များနှင့် ခရိုင်သစ်တောဦးစီး ဌာနလက်ထောက်ညွှန်ကြား ရေးမှူး ဦးရဲလွင်တို့က ပေးအပ် သည်။ ဆက်လက်၍ လူထု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ တမာအပင် ၂၀၀၊ ရင်းမာအပင် ၁၀၀၊ စိန်ပန်း အပင် ၁၀၀နှင့် မယ်ဇလီ အပင် ၁၀၀ တို့ကို ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်သစ်တော ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ လိန်တောကျေးရွာဒေသခံပြည်သူများနှင့် တက်ရောက်လာကြသူများက ပျော်ရွှင်စွာဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၃)

၀-၀-၀-၀-၀

အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

မန္တလေး ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးဈေးတွယ်အရှေ့ရပ်ကွက်၊ အကွက်(၂၅၅)၊ လမ်း ၃၀နှင့် လမ်း ၉၀ ထောင့်တွင် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှုန်းသားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ လမ်း၄၀နှင့် ၄၁လမ်းကြားတွင် လည်းကောင်း၊ ဇွန် ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်(၁၁၁-၁၉)၊ ၄၅လမ်းနှင့် ၁၁၄လမ်းထောင့်တွင်လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်၊ အကွက် (၈၈-၄၇)၊ ၅၄လမ်း၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားတွင်လည်းကောင်း နေ့စဉ် နံနက် ၆နာရီခွဲမှစ၍ ရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၁၄ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်း ကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(ဝဝုံ)**

(မန္တလေးနေ့စဉ်-၆)

❍ စာမျက်နှာ ၂၄ မှ

မြောက်ကိုရီးယားအသင်းသည် အိမ်ကွင်းနှစ်ပွဲကို မြောက်ကိုရီးယားနိုင်ငံ၌ လက်ခံကျင်းပနိုင်ခြင်းမရှိသောကြောင့် ကြားကွင်းဖြစ်သည့် လာအိုနိုင်ငံ၌ ကျင်းပရခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလား အာရှရုန်း ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စု (ခ) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့သည် ဇွန် ၁၁ရက် မြန်မာစံတော်ချိန် ၇ နာရီ ၃၀မိနစ် အချိန်တွင် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့ရှိ New Loas National ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

သင့်သွေးဖြင့် အသက်ကယ်ပါ။

အင်းလေးကန်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်

ညောင်ရွှေ ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု၊ ကျောမောင်ငယ်ကျေးရွာတောင်ကြီး-ညောင်ရွှေ ကားလမ်းမအောင်ရှိ ရှင်းလင်းဆောင်၌ ဇွန် ၉ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်သည့် စပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ စပါးမျိုးစေ့များနှင့် မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးချိုနိုင်ထွန်းက စပါးမျိုးစေ့များနှင့် မြေဩဇာများထောက်ပံ့ပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများအား SR 456 ရွှေရင်အေးစပါးမျိုး ၆၀ အိတ်၊ DU 16 ရွှေအပ်စပါးမျိုးစေ့ ၆၀ အိတ်၊ ပုလဲဓာတ်မြေဩ ၂၅ အိတ်နှင့် ရွှေမိုး ၁၅ ပတ်လည်ဓာတ်မြေဩ ၂၅ အိတ်တို့ကို အသီးသီးပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငါးမျိုးများပြန်းတီးခြင်းမှ ကာကွယ်တားဆီးရေး၊ ငါးသယံဇာတတိုးပွားရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့အတွက် ညောင်ရွှေမြို့ ကမ်းနားလမ်း၊ နန်းကပ်ချောင်း ဖောင်တော်ပြန်ပြာသာဒ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ ပြုလုပ်သည့် အင်းလေးကန်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတိုင်းရင်းသားများ ပြည်သူများနှင့်အတူ အင်းလေးကန်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကောင်၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကောင်၊ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၁၀၀၀၀၀ ကောင် စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၀၀-၀၀၀ ကောင်ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပယောက်ရေးအသင်း(ဗဟို)အလုပ်အမှုဆောင်အစည်းအဝေး ကျင်းပ

မန္တလေး ဇွန် ၁၀

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၇၃လမ်း၊ ၁၀လမ်းနှင့် ၁၂လမ်းကြားရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူးထောင်ရေးစခန်းတွင် ဇွန် ၈ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပယောက်ရေးအသင်း(ဗဟို)အလုပ်အမှုဆောင်အစည်းအဝေးကို ကျင်းသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)မန်နေဂျာဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က မူးယစ်ဆေးဝါးသုံးစွဲမှုပယောက်ရေးအတွက် ကြိုတင်ကာကွယ်အသိပညာပေးရေးလုပ်ငန်း၊ မူးယစ်ဆေးစွဲလူငယ်များအား မူးယစ်ဆေးဖြတ်နိုင်ရန် ကူညီဆောင်ရွက်ပေးရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မူးယစ်ဆေးဝါးပြန်လည်မသုံးစွဲနိုင်စေရန် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲ ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူးဦးမြင့်သန်းက မူးယစ်ဆေးဝါးသုံးစွဲမှုလျော့ကျရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၀)

* - * - * - * - *

ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်

ဂန့်ဂေါ ဇွန် ၁၀

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်တွင် မိုးရာသီ၌ ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဇွန် ၉ ရက် နံနက် ၈ နာရီက မြို့ပေါ် ရပ်ကွက်ရှိ စာသင်ကျောင်းများ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဂန့်ဂေါမြို့နယ် ကျန်းမာရေးမှူး(၁) ဦးစန်းဝင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစံစံထွေးနှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အ.လ.က(ခွဲ)စည်ပင်ကျောင်းနှင့် အ.ထ.က(မြို့မ) စာသင်ကျောင်းသို့ သွားရောက်၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ခိုအောင်းနိုင်သောရေတွင်းရေကန်များ၊ ရေစီးဆင်းမှုမရှိသည့် ရေမြောင်းများထဲသို့ အဘိတ်ဆေးခတ်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား စာသင်ကျောင်းများနှင့် မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များ၌ အပတ်စဉ်တိုင်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြို့နယ်(ပြန်/ဆက်)

ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်အမှိုက်များ ရှင်းလင်း

ညောင်ဦး ဇွန် ၁၀

ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် ပလတ်စတစ်ကောက်ယူရှင်းလင်းလျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ကာ ပလတ်စတစ်အမှိုက်များသီးသန့်ကောက်ယူခြင်းကို ဇွန် ၉ ရက် နံနက် ၇ နာရီမှစတင်ကာ ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း ကိုလုံးရပ်၊ ဇရာ၀တီမြစ်ကမ်းဘေးတစ်လျှောက် ပလတ်စတစ်အမှိုက်များ ဇရာ၀တီမြစ်ရေတက်ချိန် မြစ်ထဲပါမသွားစေရန် ကောက်ယူခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ပြီး ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲမှ ဝန်ထမ်းများ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား၊ အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းမှ အသင်းသား၊ အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်း(ပုဂံဇုန်)မှ ဝန်ထမ်းများ သည် ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း ကိုလုံးရပ်၊ ဇရာ၀တီမြစ်ကမ်းဘေးတစ်လျှောက်ရှိ ပလတ်စတစ်အမှိုက်များအား ဇရာ၀တီမြစ်ရေတက်ချိန် မြစ်ထဲသို့ ပလတ်စတစ်အမှိုက်များ ပါမသွားစေရန် ပလတ်စတစ်အမှိုက်များ ကောက်ယူ၍ စနစ်တကျစုစည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)

* - * - * - * - *

သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန်ရေဝေးရေလာကောင်းမွန်ရေး ဆောင်ရွက်

မန္တလေး ဇွန် ၁၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန်ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလုပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဘောချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနတာဝန်ရှိသူများသည် သင်္ဘောချောင်းအလယ်ပေါင်တံတား အနောက်ဘက်ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်များကို လုပ်သားများကဆယ်ယူ ရှင်းလင်းဆောင်ရွက်ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ

နိုင်ကမ္ဘာ

ယခုလို ဥရောပအမှတ်ပေးဘောလုံးပြိုင်ပွဲတွေ ရပ်နားထားတဲ့ အချိန်မျိုးမှာ ဘောလုံးဝါသနာရှင်တွေအဖို့ တစ်ခုခု လိုနေသလိုမျိုး ခံစားနေကြရလိမ့်မယ်လို့ ထင်ပါတယ်။ အထူးသဖြင့် ရုံးပိတ်ရက် တွေဖြစ်တဲ့ စနေနဲ့တနင်္ဂနေနေ့တွေ လိုမျိုးဆိုရင် ပိုသိသာပါတယ်။ ဘောလုံးပွဲတွေ မကြည့်ရတဲ့ ခံစားမှုကဘာနဲ့မှ မတူပါဘူး။ အခုတော့ အဲဒီလိုဖြစ်နေတဲ့ ခံစားမှုတွေကို ဖြေဖျောက်ပေးမယ့် ဘောလုံးပြိုင်ပွဲကြီးတစ်ခုကို အရသာခံကာ မကြာမီ ကြည့်ရှုခံစားကြရတော့မှာပဲ ဖြစ်ပါတယ်။

အဲဒီဘောလုံးပြိုင်ပွဲကြီးကတော့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးနောက် ဒုတိယနေရာမှာရှိပြီး အစဉ်အလာကြီးမားတဲ့ ဥရောပဖလား ဘောလုံးပြိုင်ပွဲကြီးပဲ ဖြစ်ပါတယ်။ ဒီဘောလုံးပြိုင်ပွဲကြီးကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်နဲ့ ဇွန် ၁၄ ရက်ကနေ ဇူလိုင် ၁၄ ရက်အထိ တစ်လတိုင်တိုင် ကျင်းပသွားမှာဖြစ်တဲ့အတွက် မိုးအေးအေးနဲ့ ဘောလုံးဝါသနာရှင်တွေ ညတိုင်းရင်ခုန်စွာ စောင့်မျှော်ကြည့်ရှုကြရတော့မှာ ဖြစ်ပါတယ်။

သမိုင်းကြောင်း

ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)က ကြီးမှူးကျင်းပတဲ့ ဘောလုံးပြိုင်ပွဲတွေထဲမှာ ယူရိုလို့ခေါ်တဲ့ ဥရောပဖလား ဘောလုံးပြိုင်ပွဲဟာ အဓိကကျပြီး အရေးပါတဲ့ ဘောလုံးပြိုင်ပွဲကြီးတစ်ခု ဖြစ်ပါတယ်။ ဥရောပဖလား(ယူရို)ဘောလုံးပြိုင်ပွဲကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနဲ့ အိုလံပစ်အားကစားပြိုင်ပွဲ နှစ်ခုအကြား ၁၉၆၀ ပြည့်နှစ်ကစတင်ပြီး လေးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပလာခဲ့တာဟာ အခုဆိုရင် (၁၇)ကြိမ်မြောက်အထိ ရောက်ရှိလို့လာခဲ့ပြီ ဖြစ်ပါတယ်။

စတင်ကျင်းပခဲ့ချိန်က 'ဥရောပနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ'လို့ ခေါ်ခဲ့ကြပေမယ့် ၁၉၆၈ ခုနှစ် တတိယအကြိမ်မြောက် ပြိုင်ပွဲကနေစတင်ပြီး ဥရောပဘောလုံး ချန်ပီယံရှစ် (European Football Championship)လို့ အမည်ပြောင်းကာ (ယူရို)ဥရောပဖလား ဘောလုံးပြိုင်ပွဲလို့ အမည်တွင်လာခဲ့ခြင်း ဖြစ်ပါတယ်။

ဥရောပဖလားဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရန် အကြံရခဲ့သူကတော့ ပြင်သစ်လူမျိုး ဟင်နရီ ဒီလော့နေးဆိုတဲ့ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ရဲ့ အထွေထွေအတွင်းရေးမှူး ဆိုသူပဲ ဖြစ်ပါတယ်။ ဒီလော့နေးဟာ ဥရောပဖလားဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ၁၉၂၇ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဖို့ တင်ပြခဲ့သော်လည်း ၁၉၅၅ ခုနှစ် သူကွယ်လွန်ချိန်အထိ ဒီပြိုင်ပွဲဟာ အကောင်အထည် မပေါ်ခဲ့ပါဘူး။

သူကွယ်လွန်ပြီးချိန်မှ သူရဲ့သားဖြစ်သူ ပီယာရေး ဒီလော့နေးဟာ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်မှာ အထွေထွေအတွင်းရေးမှူးအဖြစ် ဆက်ခံပြီးတဲ့ အချိန်မှသာ သူ့ရဲ့ဖခင်ဖြစ်သူ အကောင်အထည် မဖော်သွားနိုင်တဲ့ ဘောလုံးပြိုင်ပွဲကို ၁၉၆၀ ပြည့်နှစ်ကစတင်ပြီး 'ဥရောပနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ' အဖြစ် ကျင်းပဖို့ အတည်ပြုပေးနိုင်ခဲ့ပါတယ်။

ပထမဦးဆုံးအကြိမ် ပြိုင်ပွဲကို ဟင်နရီဒီလော့နေးအား ဂုဏ်ပြုတဲ့အနေနဲ့ ပြင်သစ်နိုင်ငံကို အိမ်ရှင်အဖြစ် ရွေးချယ်ခဲ့ပါတယ်။ ပထမအကြိမ်ပြိုင်ပွဲမှာ ဥရောပနိုင်ငံ(၂၉)နိုင်ငံအနက် (၁၇)နိုင်ငံက ခြေစစ်ပွဲတွေကနေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး နာမည်ကြီးအနောက် ဂျာမနီနဲ့အီတလီတို့ ပါဝင်ယှဉ်ပြိုင်ခြင်း မရှိခဲ့ပါဘူး။

ယူရိုပြိုင်ပွဲတစ်လျှောက်မှာ အောင်မြင်မှုအရှိဆုံးအသင်းကတော့ နာမည်ကြီး ဂျာမနီအသင်းဖြစ်ပြီး ယခု ယူရို ၂၀၂၄ အပါအဝင် ၁၄ ကြိမ် ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံ ၃ ကြိမ်၊ ဒုတိယ ၃ ကြိမ်နဲ့ ဆီမီးဖိုင်နယ်ကို ၃ ကြိမ် တက်ရောက်နိုင်ခဲ့ပါတယ်။ ဒုတိယအအောင်မြင်ဆုံးအသင်းကတော့ စပိန်အသင်းဖြစ်ပြီး ယခုပြိုင်ပွဲအပါအဝင် ၁၂ ကြိမ်ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံ ၃ ကြိမ်နဲ့ ဒုတိယတစ်ကြိမ် ရရှိခဲ့ပါတယ်။

ယူရို ၂၀၂၄

ယခုနှစ် ယူရို ၂၀၂၄ ပြိုင်ပွဲကို ဂျာမနီနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမှာ ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားနဲ့ အုပ်စု(က)မှ အိမ်ရှင်ဂျာမနီနှင့် စကော့တလန်အသင်းတို့ရဲ့ ပွဲစဉ်ကို ဒေသ စံတော်ချိန် ဇွန် ၁၄ ရက် ည ၉ နာရီ(မြန်မာစံတော်ချိန် ဇွန် ၁၅ ရက် နံနက် ၁ နာရီခွဲ)မှာ မြူးနစ်မြို့မှာရှိတဲ့ အရီနာမြူးနစ်ဘောလုံးကွင်းကြီး၌ ကျင်းပသွားမည်ဖြစ်ကာ နောက်ဆုံးဗိုလ်လုပွဲကြီးကို ဘာလင်မြို့ရှိတဲ့ အိုလံပစ်ဘောလုံးကွင်းကြီး၌ မြန်မာစံတော်ချိန် ဇူလိုင် ၁၅ ရက် နံနက် ၁ နာရီခွဲမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ယခုနှစ် ယူရို ၂၀၂၄ ဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ပြိုင်ပွဲဝင် အသင်း ၂၄ သင်းနဲ့ ကျင်းပသွားမှာဖြစ်ပြီး စတင်ကျင်းပခဲ့စဉ်က ပြိုင်ပွဲဝင် အသင်း ၄ သင်းတည်းနဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။ ယူရို ၈၀ ပြိုင်ပွဲမှ စတင်၍ အသင်း ၈ သင်းနဲ့ နှစ်ဆတိုးမြှင့် ကျင်းပခဲ့ပြီး ယူရို ၉၂ ပြိုင်ပွဲတွင် ထပ်မံ၍ နှစ်ဆတိုးကာ ပြိုင်ပွဲဝင် အသင်း ၁၆ သင်းနဲ့ ကျင်းပခဲ့ပါတယ်။ အဲဒီနောက် ယူရို ၂၀၁၆ ပြိုင်ပွဲမှ စတင်ကာ ဥရောပအသင်းငယ်များ အခွင့်အရေးရရှိစေရန် ပြိုင်ပွဲဝင်အရေအတွက်ကို ၂၄ သင်းအထိ တိုးမြှင့်ခဲ့ပါတယ်။ ယခုနှစ် ပြိုင်ပွဲမှာ အိမ်ရှင်တစ်သင်းနဲ့ ခြေစစ်ပွဲအောင် ၂၃ သင်းတို့ကို အောက်ပါအတိုင်း အုပ်စု ၆ အုပ်စု ခွဲဝေထားပါတယ်-

အုပ်စု(က)	အုပ်စု(ခ)	အုပ်စု(ဂ)	အုပ်စု(ဃ)	အုပ်စု(င)	အုပ်စု(စ)
ဂျာမနီ(အိမ်ရှင်)	စပိန်	အလိုဗေးနီးယား	ပိုလန်	ဘယ်လ်ဂျီယံ	တူရကီယဲ
စကော့တလန်	ဂရိုအေရှား	ဒိန်းမတ်	နယ်သာလန်	အလိုဗက်ကီးယား	ဂျော်ဂျီယာ
ဟန်ဂေရီ	အီတလီ(လက်ရှိရန်ပီယံ)	ဆားဘီးယား	ဩစတြီးယား	ဂရေးနီးယား	ယေါ်တူဂီ
ဆွစ်တလန်	အယ်လ်ဘေးနီးယား	အင်္ဂလန်	ပြင်သစ်	ယူကရိန်း	ချက်ကီးယား

အထက်ပါ အုပ်စု ၆ အုပ်စုမှ အသင်းကြီးများအနေဖြင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းနေကြသော်လည်း လက်ရှိချန်ပီယံ အီတလီ၊ နာမည်ကြီး စပိန်နဲ့ ၂၀၂၂ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ရောက် ခရီးအေးရှားအသင်းတွေ ပါဝင်နေတဲ့ အုပ်စု(ခ)ကတော့ နာမည်ကြီးတစ်သင်းသင်း ပြုတ်နိုင်တဲ့ အုပ်စုပဲ ဖြစ်ပါတယ်။

ယူရို ၂၀၂၄ ဘောလုံးပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် အသင်းတွေဟာ ကမ္ဘာ့ဘောလုံးဇာတ်ခုံမှာ ထိပ်သီးရောက်နေတဲ့ အသင်းတွေအများစု ပါဝင်နေတာကြောင့် ပွဲစဉ်တိုင်းလိုလိုဟာ ဘောလုံးဝါသနာရှင် ပရိသတ်ကြီးအတွက် ဘောလုံးရသကောင်းတွေပေးမယ့် ပွဲစဉ်တွေ ဖြစ်လာမယ်ဆိုတာ သေချာသလောက်ပါပဲ။ ခြေစွမ်းမကွာလှတဲ့ အသင်းကြီးတွေ ပါဝင်နေသလို ဖျက်မြင်းနဲ့ ကော်ကောင်အသင်းတွေ ပါဝင်နေတဲ့အတွက်လည်း ယခုပြိုင်ပွဲကြီးမှာ ဘယ်အသင်းဗိုလ်စွဲမလဲဆိုတဲ့အမေးကို အဖြေရခက်စေမှာပဲ ဖြစ်ပါတယ်။

ယခုလက်ရှိ ကမ္ဘာတစ်လွှားက ဘောလုံးဂုရုတွေရဲ့ ခန့်မှန်းချက်အရတော့ အိမ်ရှင် ဂျာမနီ၊ လက်ရှိချန်ပီယံ အီတလီနဲ့ နာမည်ကြီးအင်္ဂလန်အသင်းတွေကို ဗိုလ်စွဲနိုင်တယ်လို့ ခန့်မှန်းထားကြပြီး သူတို့ရဲ့ နောက်မှာတော့ စပိန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံနဲ့ ပေါ်တူဂီအသင်းတွေကို ဒုတိယဦးစားပေး ခန့်မှန်းထားကြပါတယ်။ ဘယ်လိုပဲ ခန့်မှန်းကြပါစေ နောက်ဆုံးတော့ ဘောလုံးဆိုတာ အလုံးကြီးဖို့ မထင်မှတ်တာတွေ ဖြစ်တတ်တဲ့ သဘောတရားကြောင့် ဘယ်အသင်း ဗိုလ်စွဲမလဲဆိုတာ ရင်ခုန်စွာနဲ့ပဲ စောင့်မျှော်ကြည့်ရှုကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

ယူရိုပြိုင်ပွဲတစ်လျှောက် ဗိုလ်စွဲခဲ့သည့်အသင်းများ

အကြိမ်	ခုနှစ်	ဗိုလ်စွဲသည့်အသင်း	ဒုတိယရသည့်အသင်း	အိမ်ရှင်နိုင်ငံ
၁	၁၉၆၀	ဆိုဗီယက်	ယူဂိုဆလာဗီးယား	ပြင်သစ်
၂	၁၉၆၄	စပိန်	ဆိုဗီယက်	စပိန်
၃	၁၉၆၈	အီတလီ	ယူဂိုဆလာဗီးယား	အီတလီ
၄	၁၉၇၂	အနောက်ဂျာမနီ	ဆိုဗီယက်	ဘယ်လ်ဂျီယံ
၅	၁၉၇၆	ချက်ကိုဆလိုဗက်ကီးယား	အနောက်ဂျာမနီ	ယူဂိုဆလာဗီးယား
၆	၁၉၈၀	အနောက်ဂျာမနီ	ဘယ်လ်ဂျီယံ	အီတလီ
၇	၁၉၈၄	ပြင်သစ်	စပိန်	ပြင်သစ်
၈	၁၉၈၈	နယ်သာလန်	ဆိုဗီယက်	အနောက်ဂျာမနီ
၉	၁၉၉၂	ဒိန်းမတ်	ဂျာမနီ	ဆွီဒင်
၁၀	၁၉၉၆	ဂျာမနီ	ချက်	အင်္ဂလန်
၁၁	၂၀၀၀	ပြင်သစ်	အီတလီ	**နယ်သာလန်/ဘယ်လ်ဂျီယံ**
၁၂	၂၀၀၄	ဂရိ	ပေါ်တူဂီ	ပေါ်တူဂီ
၁၃	၂၀၀၈	စပိန်	ဂျာမနီ	**ဆွစ်တလန်/ဩစတြီးယား**
၁၄	၂၀၁၂	စပိန်	အီတလီ	ပိုလန်/ယူကရိန်း
၁၅	၂၀၁၆	ပေါ်တူဂီ	ပြင်သစ်	ပြင်သစ်
၁၆	၂၀၂၀/၂၁	အီတလီ	အင်္ဂလန်	ဥရောပ(၁၁)နိုင်ငံ
၁၇	၂၀၂၄	?	?	ဂျာမနီ

ရွှေ့လျားစာကြည့်တိုက်ယာဉ်ပြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

ပျဉ်းမနား ဇွန် ၁၀

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေး ဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့်စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံ ငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း(ရွာတော်)သို့ သွားရောက်ငှားရမ်းပေးကြပြီး လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြသည်။ **(အောက်ပုံ)**

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွှေ့လျား စာကြည့်တိုက် မော်တော်ယာဉ်၌ သုတ၊ရသစာအုပ်မျိုးစုံ ၂၂၀ဝကျော်စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ် တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာနမှဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူဖတ်ရှုနိုင်စေရေးအတွက် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့ စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့ လာရောက် ငှားရမ်း ဖတ်ရှုနိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လူငယ်ရေးရာအသိပညာပေး ဟောပြော

လဲချား ဇွန် ၁၀

အနာဂတ် မျိုးဆက်သစ် လူငယ်များပေါ်ထွန်းလာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ဇွန် ဂုရက်နံနက် ၁၀နာရီက ရှမ်းပြည်နယ် တောင်ပိုင်း၊ လွှိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ အခြေခံပညာ မူလတန်း(ဟိုဖိုင်)ကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အခြေခံပညာ မူလတန်း(ဟိုဖိုင်)ကျောင်းအုပ်ဆရာကြီး ဦးစိုင်းအောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန၊ (ဒုတိယဦးစီးမှူး)ဒေါ်ဟေမွန်ဦးက မူးယစ်ဆေးဝါးဟူသည်၊ ရှောင်လေဝေးမူးယစ်ဆေး၊ ဗလင်ါးတန်ဖ့ွဲ့ဖြိုးတိုးတက်ရေး၊ ကျောင်းပညာရေးတွင်သာမက ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ဖြစ်ထွန်းလာစေရန် အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတ စာအုပ်၊စာစောင်များကို ဖတ်ရှုလေ့လာသင့်ကြောင်းကို လည်းကောင်း၊ အသိပညာပေး ဟောပြောခဲ့ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊သဘာဝပေးအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးခဲ့ကြောင်းသိရသည်။

(အေပေါ်ယာပုံ)

မြို့နယ်(ပြန်/ဆက်)

စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းနှင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲပြုလုပ်

စဉ်ကိုင် ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ်ကိုင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန်နှင့် စာဖတ်ရှိန်မြင့်မားစေရန်ရည်ရွယ်၍ စာပေချစ်မြတ်နိုးသူများအသင်း (BookClub) နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေး ဦးစီးဌာနတို့ပူပေါင်း၍ ကလောင်စုံ စာရေးဆရာ၊ ဆရာမကြီးများ ရေးသားထားသည့် "တာဝန်သိစိတ် တာဝန်ယူစိတ်" စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကို ဇွန်၉ရက် နံနက် ၁၀နာရီက ပြုလုပ်ခဲ့သည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက စာဖတ်ဝိုင်းများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်၊စာစောင်ချစ်မြတ်နိုးသူများအသင်း နာယက ဦးသန်းအောင်က "တာဝန်သိစိတ် တာဝန်ယူစိတ်" စာအုပ်မှ စာရေးဆရာချစ်နိုင်(စိတ်ပညာ)ရေးသားသည့် "အလုပ်စွမ်းဆောင်ရည်မြှင့်တင်ရေး" ခေါင်းစဉ်ပါ အကြောင်းအရာများဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး ဦးသန်းဝင်း(ပညာရေး)က စာရေးဆရာမ ခင်စောတင့်ရေးသားသည့် "တာဝန်သိမှုနှင့် တာဝန်ယူမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ဦးအေးကိုကို (ဝင်းမောင်မောင် ပန်းလောင်လွင်ပြင်)က စာရေးဆရာဦးစန္ဒိမ(စလင်း)ရေးသားသည့် "တာဝန်ယူခြင်း အလှတရား" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော စာပေဝါသနာရှင်များကလည်း မိမိတို့၏ အတွေးအမြင် ရသများအား အသီးသီး ပါဝင်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၉၉)

မောင်တို့ ညောင်သာယာ

- မောင်တို့ရဲ့ ညောင်သာယာ
  သာပါစ မေ။
  သာပါတယ် ရွာလယ်လမ်းမှာ
  နတ်ကွန်းနဲ့ လေ။
- မောင်တို့ရဲ့ ညောင်သာယာ
  သာပါစ မေ
  သာပါတယ် ယာပြင်လမ်းမှာ
  စမ်းရေနှင့်အေး။
- ရွာအရှေ့ တောင်အင္ဂ
  ထိုင်တော်မူ ဗောဓိပေါင်း
  ရွှေအိုရောင် စေတီလှနဲ့
  ဆည်းလည်းသံ လေပြန်ခရင်
  ဖူးမဝကြောင်း။
- မြွေလိမ်ကောက်ပမာ
  ညီညာတဲ့ ကုန်ထုတ်လမ်း
  ထော်လာဂျီ တဂျုံးဂျုံးနဲ့
  ရာသီစုံ တင်ကာရန်းတယ်
  ကုန်းမို့စခန်း။
- နစ်ဘက်ချ ငွေလှေကားနဲ့
  ရွှေကျောင်းက ခန့်ထည်ဝါ
  ရှမ်းအရှေ့ဟာန်ပါ။
  ဒကာက ရှမ်းပျိုမယ်ပါ
  နိဗ္ဗုတာရည်မှန်း။
  တောတောင်သာယာရိပ်နဲ့
  ချွေးသိပ်စခန်း။
- ရာသီမှာ သာညီမျှတဲ့
  ရှမဝ မောင်တို့ရွာ
  စပါ။ ဂျို့ ပြောင်းရယ်နဲ့
  ယာသီးနံ စုံအပေါင်း
  ကောင်းတဲ့လယ်ယာ၊
  မြေဆီက ထက်သန်စွာ
  ပဒေသာ ရွှေသီး၊
  ကြည့်လိုက်တိုင်း စိမ်းစိုလို့
  ဝန်းကျင်တခု မှိုင်းညိုညိုသမ်းတယ်
  တောင်ပြာတန်းဆီ ။
- ခါတလဲ့
  လာခဲ့ပါ့ မောင်တို့ရွာ
  စျေးကုန်းဆို ရွာဝင်လမ်းက
  ဆီးလို့ကြိုမှာ၊
  နမလေးနဲ့မှူယာ
  မောင့်နားမှာ ထိုင်ပါကွဲ့
  နွားပြာညို ကြိမ်တို့မောင်းတော့
  ခေါင်းတန့်.နဲ့။ ။

သန်းစိုးအောင်

သတင်းပဒေသာ

ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှားခရိုင်၊ မိုင်းစ်မြို့တွင် အသက် (၅)နှစ်အထက် (၇)နှစ်မကျော်သော ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၁၁နာရီက မိုင်းစ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး Billboard စိုက်ထူခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီခွဲက အောင်သပြေရပ်ကွက်ရှိ စုပေါင်းရုံးအနီး မီးပွိုင့်လမ်းဆုံနေရာနှင့် နားခါရပ်ကွက်၊ အထင်ကရဆင်ရုပ်ကြီးအနီး မြို့လယ်လမ်းဆုံနေရာတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ပံ့မှု၊ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏အနီးကပ်ကြီးကြပ်မှုဖြင့် ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၉ရက် နံနက် ၁၀နာရီက အဆိုပါရုံးလူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နယ်လှည့်စာကြည့်တိုက် စနစ်ဖြင့် စာအုပ်များ အခမဲ့ငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှားခရိုင်၊ မိုင်းစ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများ တိုးတက်လာစေရန်နှင့် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ငှားရမ်းနိုင်ခြင်း မရှိသည့် စာဖတ်ဝါသနာရှင်များ စာပေကို လွယ်လင့်တကူ လေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာစေရန်အတွက် နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူများထံသို့ စာအုပ်များ အခမဲ့ငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မိုင်းစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ စာအုပ်များ အခမဲ့ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လယ်သီးထပ်ဆီထွက်သီးနှံငပြေပဲစိုက်ခင်း အောင်မြင်ပြစ်ထွန်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ နမ့်မော်ဆွမ့်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၉)ရှိ လယ်သီးထပ်ဆီထွက်သီးနှံမြေပဲ ဆင်းပဒေသာ-၁၁ စိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါနေရာသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မီးသတ်ရေသယ်ယာဉ်ဝယ်ယူရန် အလျှောင်ငွေပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် မြို့နယ်အရန်မီးသတ်၌ အသုံးပြုနိုင်ရန်အတွက် မီးသတ်ရေသယ်ယာဉ်တစ်စီးဝယ်ယူရန် လူမှုကူညီရေးအဖွဲ့မှ ယမန်နေ့က မြို့နယ်အရန်မီးသတ်ရုံးသို့ အလျှောင်ငွေပေးအပ်လှူဒါန်းခဲ့သည်။အမှတ်(၄)ရပ်ကွက် ဦးစိုင်းလှရွှေ ဦးဆောင်သော လူမှုကူညီရေးအဖွဲ့မှ အလျှောင်ငွေကျပ် ၈၁သိန်းကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ခုတိယတပ်ရင်းမှူး ဦးခင်မောင်မြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလျှောင်ငွေပေးအပ်

မန္တလေး ဇွန် ၁၀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလျှောင်ငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေသဝ အရှင်မြတ်ထံမှ ဇည့် ပရိသတ်အပေါင်းက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး နှစ်ဖက်မိဘများအား အမှူးထား၍ ဦးစိုးလွင်+ဒေါ်ကြင်စိန်(သိန်းကမ္ဘာ ပလတ်စတစ်ရောင်းဝယ်ရေး)မိသားစု မန္တလေးမြို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၀ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ်သိန်း ၃၀၊ စုစုပေါင်း ငွေကျပ် သိန်း ၄၀ ကို ပေးအပ်လှူဒါန်းရာ ဥပတ္ထမ္ဘကအဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အဆိုပါ အလှူရှင် မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(ကဆ)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

ကျွန်းလှ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်း မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ထူးက မိမိတို့ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ သားသမီးများကို နိုင်ငံတော်က အားထားရသည့် လူငယ်လူရွယ်များ ဖြစ်စေရန် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မူလတန်း ၂၀ ဦး၊ အလယ်တန်း ခုနစ်ဦး၊ အထက်တန်း ရှစ်ဦး၊ အဆင့်မြင့်တန်း ငါးဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးတို့အား ထောက်ပံ့ငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၈၀)

ပရိယတ္တိစာသင်တိုက်မှ သံဃာတော် (၁၂၀)ပါး မာရဝိဇယဗုဒ္ဓရုပ်ဖွားတော်မြတ်အား ဖူးမြော်ကြည်ညိုရန်

ပင်းတယ ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ခနေ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရွာသစ်ရပ်ကွက် ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်တည်ရှိရာ ဘုန်းတော်ကြီးကျောင်း စေတီကြီးသာသနဟိတပရိယတ္တိစာသင်တိုက်မှ သံဃာတော်များသည် ဇွန် ၉ ရက် နံနက် စနာရီက နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ဖွားတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါဘုရားဖူးခရီးစဉ်အား စေတီကြီးကျောင်းထိုင်ဆရာတော် အရှင်ပညာသာရက စီစဉ်ညွှန်ကြားပေးမှုဖြင့် စေတီကြီးသာသနဟိတပရိယတ္တိစာသင်တိုက် ဦးဆောင်ဆရာတော် မဟာဂရုဏာရင်ခွင် အရှင်ခေမာဘဒ္ဒက ဦးဆောင်၍ စာချရဟန်းသံဃာတော်များနှင့် ပညာသင်ရဟန်းရှင်သာမဏေများ စုစုပေါင်းအပါး ၁၂၀ တို့က နေပြည်တော်ရှိ ကမ္ဘာ့ဝပထမ ဘဏ္ဍာတော်အမြင့်ဆုံး မာရဝိဇယ ဗုဒ္ဓဆင်းတုတော် ဥပါတသန္တိ စေတီတို့အား ဖူးမြော်ကြည်ညိုရန် ဒေသန္တရဗဟုသုတရှာဖွေရန်အတွက်ရည်ရွယ်၍ အလှူရှင်များ လှူဒါန်းပေးမှုကို ကျောင်းထိုင်ဆရာတော် အရှင်ပညာသာရနှင့် သာသနဟိတစာသင်တိုက် ဦးဆောင်၍ ဒေါက်တာ အရှင်ခေမာဘဒ္ဒတို့က စီမံဆောင်ရွက်ပေးမှုဖြင့် သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ **(၃၃၈)**

ဝေမျှခြင်း ပရဟိတမိသားစုမှ သောက်သုံးရေလျှပ်ဒါန်း

ညောင်ဦး ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေလိုအပ်သော ကျေးရွာများသို့ ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတမိသားစုမှ သောက်သုံးရေလှူဒါန်းပေးလျက်ရှိရာ ဇွန် ၉ ရက် နံနက် ၉ နာရီခွဲက ဝါခင်းကြီးကျေးရွာ ကြို့ပင်တောတဲတိုက်နှင့် ဝါခင်းကြီးကျေးရွာ သို့ သောက်သုံးရေ သွားရောက်လှူဒါန်းခဲ့သည်။

ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေလိုအပ်သော ကျေးရွာများသို့ ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတမိသားစုမှ သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိရာ ဝါခင်းကြီးကျေးရွာ ကြို့ပင်တောတဲတိုက်အတွင်း သောက်သုံးရေ ၁၆၀၀ ဂါလန်နှင့် ဝါခင်းကြီးကျေးရွာအတွက် သောက်သုံးရေဂါလန် ၁၆၀၀ ဂါလန်၊ စုစုပေါင်း ၃၂၀၀ ဂါလန် လှူဒါန်းပေးခဲ့ကြောင်း အေးမေတ္တာ ရေအလှူတော်အသင်း တာဝန်ခံ ဦးဝင်းမင်းထွန်းထံက သိရသည်။

(အောက်ပုံ)

(ကဆ)

မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျောင်းသုံးစရိတ်နှင့် စာရေးကိရိယာများထောက်ပံ့

မျော်ဘွယ် ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်၊ မျော်ဘွယ်မြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် ယမန်နေ့ နံနက် ၉ နာရီက မြို့နယ် နယ်မြေတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များတွေ့ဆုံဆွေးနွေးခြင်း၊ ကျောင်းသုံးစရိတ်နှင့် စာရေးကိရိယာများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မျိုးမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း တက်ရောက်ပညာသင်ကြားမည့် တပ်ဖွဲ့ဝင်မိသားစုများ၏ သား၊ သမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာ(ကျောင်းသုံးဗလာစာအုပ်နှင့် ကွန်ပါဘူး)များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) (ဝ၅၇)**

တာဝန်ထမ်းကြသည်ဆိုရာဝယ်

ခိုင်ဇလ

(၈-၆-၂၀၂၄)ရက်မှ အဆက်

